မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၀၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn ၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် လေဆိပ်မှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၃* ❒

ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေး ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမသဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ချင်းပြည်နယ် အစိုးရအဖွဲ့မှ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်း အမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့ ပဏာမ သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၆ ရက်တွင် ချင်း ပြည်နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်း ရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ချင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီး၊ ပြည်နယ် ဥပဒေချုပ် ဦးကပ္ပတီအယ်လ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ချင်းအမျိုးသား တပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဒေါက်တာရွှေခါး ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်း နှင့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့တို့၏ ရှေ့မှောက်၌ ပြည်နယ် အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ပဏာမဆောင်ရွက်ရန် သဘော တူညီချက်အချို့အား လက်မှတ်ရေးထိုးကြပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

အပြန်အလှန်လဲလှယ်

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦးနှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါးတို့သည် ပဏာမသဘော တူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြပြီး ပြည်ထောင်စုဝန်ကြီး များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် ချင်းအမျိုးသားတပ်ဦး (CNF) ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါးတို့ ပဏာမသဘော တူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၉ ရက်)

ယနေ့လူငယ်နှင့် အိုင်စီအီး

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားရှိ၏။ သူတို့ကို လူသားအရင်းအမြစ်များဟူ၍လည်း ဆိုကြ၏။ အနာဂတ်၏သားကောင်းရတနာများဟူ၍လည်း ဖော်ညွှန်းကြပြန်သေး၏။ မည်သို့ပင်ရှိစေ ယနေ့လူငယ်လူရွယ်များသည် အနာဂတ်အတွက် ကြယ်ပွင့်များပင်ဖြစ်၏။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ထူထောင်ရာတွင် လူငယ်နှင့် အိုင်စီအီးဆိုသည့် ကဏ္ဍသည် အရေးကြီးလာ၏။ အိုင်စီအီး(ICE)ဟူသည် Internet, Computer, English စသည်တို့ကို ကိုယ်စားပြုခြင်းဖြစ်သည်။ လူငယ်လူရွယ်တိုင်းသည် အိုင်စီအီးကို နားလည်တတ်မြောက်ထားရမည့် ခေတ်သို့ရောက်နေပြီဖြစ်သည်။ အိုင်စီအီးကို နားမလည်ခဲ့လျှင်မူ ခေတ်ကြီး၏နောက်ချန်ထားခြင်းကို ခံရပေလိမ့်မည်။ ထို့ကြောင့် လူငယ်လူရွယ်တိုင်း အိုင်စီအီးကို တတ်မြောက်အသုံးချတတ်ကြရန်မှာ အထူးလိုအပ်လာသည်။

ရှေးခေတ်ရှေးအခါက အဋ္ဌာရသ ၁၈ ရပ်တတ်မြောက်ထားမှသာလျှင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အားကိုးအားထားပြုထိုက်သူများဟု ဆိုစမှတ်ပြုကြ၏။ ယနေ့ခေတ်တွင်မူ အိုင်စီအီးကို တတ်မြောက်ကြရပေလိမ့်မည်။ လူငယ်လူရွယ်နှင့် အိုင်စီအီးသည် ယနေ့ခေတ်ကြီးအတွက် ဒွန်တွဲနေပြီဖြစ်သည်။

ဤသို့ဆိုလျှင် အိုင်စီအီးဆိုသည်မှာ အဘယ်နည်း။ အိုင်စီအီးသည် ယနေ့ခေတ်လူငယ်လူရွယ်များ မဖြစ်မနေတတ်မြောက်ထားရမည့် လောကဓာတ်အတတ်ပညာသုံးရပ်ပင် ဖြစ်သည်။

လူငယ်လူရွယ်တိုင်းသည် အိုင်ဟူသည့် အင်တာနက်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်ရပါမည်။ အင်တာနက်တွင် ကမ္ဘာ့အရပ်ရပ်က လွှင့်တင်ထားသော ဝက်ဘ်ဆိုက်အများအပြားရှိသည်။ သတင်း၊ သုတ၊ အားကစားအစရှိသဖြင့် စုံလင်သည်။ ကမ္ဘာ့အရပ်ရပ်တွင် ဖြစ်ပျက်နေသော အကြောင်းခြင်းရာများအားလုံးကို ထိုဝက်ဘ်ဆိုက်များတွင် တွေ့ရသည်။ ဝက်ဘ်ဆိုက်များက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေသည်။ လူငယ်လူရွယ်များ အင်တာနက် ဝက်ဘ်ဆိုက်များကိုကြည့်ပြီး ဗဟုသုတများ ရှာမှီးနိုင်ရမည်။ ဖတ်ရှုလေ့လာနေရမည်။ ဝေဖန်နိုင်စွမ်းရှိရမည်။ သို့မှသာ ခေတ်နှင့်အညီ အမီလိုက်နိုင်သည့် လူငယ်လူရွယ်များ ဖြစ်လာမည်။

တစ်ဖန် စီဟူသည့် ကွန်ပျူတာအတတ်ပညာများတွင် အီးမေးလ်၊ ဂျီမေးလ်၊ ဘလော့ဂ်၊ ဖေ့စ်ဘုတ်၊ တွစ်တာအစရှိသဖြင့် အကျွမ်းတဝင်ရှိပြီး အသုံးပြုတတ်ရန် လိုအပ်ပေသည်။ လူငယ်လူရွယ်တိုင်း ကွန်ပျူတာနှင့်ပတ်သက်ပြီး ဆော့ဖ်ဝဲ၊ ဟတ်ဒ်ဝဲ အစရှိသည်တို့ သုံးစွဲပုံကို တတ်မြောက်နားလည်ထားသင့်ပေသည်။

နောက်ဆုံးစာလုံးဖြစ်သည့် အီးသည်လည်း လွန်စွာမှအရေးကြီးလှပေသည်။ လူငယ်လူရွယ်တိုင်း အီးဟူသည့် အင်္ဂလိပ်စာကို အရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည် စသည်ဖြင့် တတ်မြောက်ကြရန် လိုအပ်သည်။ အင်္ဂလိပ်စာသည် ကမ္ဘာ့သုံးဖြစ်ခြင်းကြောင့် လူငယ်လူရွယ်တိုင်း တတ်မြောက်ထားသင့်သည်။ ဖြစ်နိုင်လျှင် အခြားသောဘာသာစကားတစ်မျိုးမျိုးကိုလည်း တတ်မြောက်ထားလျှင် ပိုကောင်းသည်။

အချုပ်အားဖြင့်ဆိုရလျှင် လူငယ်လူရွယ်တိုင်းသည် အနာဂတ် နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် အထက်ဖော်ပြပါ အိုင်စီအီးကို တတ်မြောက်ထားရန် အထူးလိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

လွတ်လပ်ရေးနေ့အခမ်းအနားနှင့် အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

ရေစကြို ဇန်နဝါရီ ၈

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ်၂၀ က ရုံးပေါင်းစုံ ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးက ဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကလေးပြိုင်ပွဲတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ ထွန်းထွန်းလှိုင် (ဖေထွဏ်းဇော်)

ရမည်းသင်းမြို့နယ်ပညာရေး ဂျီအီးစီစည်းဝေး

ရမည်းသင်း ဇန်နဝါရီ ၈

ရမည်းသင်းမြို့နယ် ပညာရေးဂျီအီးစီ သမဝါယမအသင်းလီမိတက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်ပညာရေးမှူး ရုံးခန်းမတွင် ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အဆင့်ဖွဲ့စည်းရေး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက အမှာစကားပြောကြားပြီး ပညာရေးဂျီအီးစီ သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးတင်ကိုကိုက အသင်း၏ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

သမဝါယမ ဦးစီးဌာန တာဝန်ကျစာရင်းစစ် ဦးမြတ်ထွန်းက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ချုပ်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာသူများက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ကာ အတည်ပြုချက် ရယူခဲ့ကြကြောင်း သိရှိရသည်။ (၄၁၆)

ဈေးများမီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

တာချီလိတ် ဇန်နဝါရီ ၈

တာချီလိတ်မြို့နယ်အတွင်းရှိဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဒီဇင်ဘာ ၂၃ရက်ကမီးသတ်ယာဉ်များ ဝင်ထွက်သွားလာနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ မီးငြိမ်းသတ်ရေရရှိရေး စီမံထားရှိမှု၊ မီးဘေးကြိုတင်ကာကွယ် ပစ္စည်းများအသင့်ထားရှိရေး၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု စနစ်တကျရှိရေးနှင့် သတိရှိစေရေး၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖွဲ့စည်းလေ့ကျင့်ရေးတို့နှင့် စပ်လျဉ်း၍ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ကျော်နိုင် ဦးဆောင်သောအဖွဲ့သည် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ဈေးသူဈေးသားများနှင့်တွေ့ဆုံကာ သတိပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆ဝ)

ဗီဒီယိုလုပ်ငန်းရှင်များအား အသိပေးရှင်းလင်းပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့မှ မြို့နယ်အတွင်း ဆင်ဆာမဲ့ခိုးကူးခွေ၊ ညစ်ညမ်းခွေများအား ကွင်းဆင်းစစ်ဆေးအရေးယူဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဇော်ဝင်းက အမှာစကားပြောကြားသည်။ (အောက်ပုံ)

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းရှိန်က ဆင်ဆာမဲ့ ခိုးကူးခွေ၊ ညစ်ညမ်းခွေများနှင့် သက်ဆိုင်သည့် အရေးယူဆောင်ရွက်မည့် ကိစ္စများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်က ဗီဒီယိုလုပ်ငန်းနှင့်သက်ဆိုင်သော ကွင်းဆင်းစစ်ဆေးမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဗီဒီယိုလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

အထူးအထွက်တိုးစပါး ဖျာပုံ၌ သီပွံနည်းကျစိုက်ပျိုး

ဖျာပုံ ဇန်နဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကံ့ဝတာရှမ်းကွင်းကျေးရွာ ဖျာပုံခရိုင်ကိုယ်စားပြု တောင်သူပညာပေးစိုက်ခင်းတွင် အထူးအထွက်တိုးပုလဲသွယ် စပ်မျိုးစပါးကို သီပွံနည်းကျစိုက်ပျိုးနည်းစနစ်နှင့်အညီ စိုက်ပျိုးပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက တောင်သူဦးသိန်းလှိုင်ဦး၏ လယ်မြေတစ်ဧကတွင် စိုက်ပျိုးနည်းစနစ် လက်တွေ့စိုက်ပျိုးသရုပ်ပြသည်။

စိုက်ပျိုးပွဲတွင် ဖျာပုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမောင်မောင်သွင်က သီပွံနည်းကျစိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးရေး၊ စပါးအထွက်နှုန်းတိုးတက်ရေး နည်းပညာတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ စိုက်ပျိုးပွဲသို့ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်မြေစာရင်းဝန်ထမ်းများ၊ ကံ့ဝတာရှမ်းကွင်း၊ သလိပ်ကြီး၊ ချောင်းတွင်းကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ ကြည့်ရှုလေ့လာကြကြောင်း သိရှိရသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

သံဖြူဇရပ်မြို့နယ်အတွင်း ငါးထုတ်လုပ်မှု ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် ဇန်နဝါရီ ၈

ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးအတွက် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီ ငါးကွမ်းရှပ်ကုန်ထုတ်အစုအဖွဲ့၏ ဌာနမှူး ဒေါက်တာညွှန့်မေက ဒီဇင်ဘာ ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်နှင့် ငါးကွမ်းရှပ် ကုန်ထုတ်အစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိုးတို့က ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

ရေကြည် ဇန်နဝါရီ ၈

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငှက်သိုက်ကျေးရွာ၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ငှက်သိုက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ မြို့နယ်ကျန်းမာရေးဌာနမှူး ဆရာဝန်ကြီး ဦးသောင်းဒန်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲကို ငှက်သိုက်ကျေးရွာမှကိုကျော်ကျော်(စံချိန်ကုမ္ပဏီ)က တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံမှာ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်းဖြစ်ပြီး အလျားပေ ၄၀၊ အနံပေ ၂၀ ရှိကာ ငွေကျပ် ၁၅ သိန်း ခုနစ်သောင်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မင်းဇော်ဦး-ရေကြည်)

ပညာရေးစုံညီပွဲတော် ပခုက္ကူမြို့နယ်၌ ကျင်းပ

ပခုက္ကူ ဇန်နဝါရီ ၈

ပခုက္ကူမြို့နယ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထက (၁) ပညာရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်က စုံညီပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြားထူးချွန်ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေး နှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ (မီးသတ်ဦးစီးဌာန)

ပဲခူးတိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းတက်ရောက်၍ အမှာစကားပြောကြားပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန၌ တိုင်းဒေသကြီး၏ စီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟဲဟိုးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့်ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါ တစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင် သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကွယ်လွန်သူ ဦးဝမ်စိန် (၁၀)နှစ်ပြည့်အားရည်စူး၍ ရန်ကုန်မြို့ ၁၃၁ ၄ဝါလမ်း အလုံမြို့နယ်နေ ဒေါ်တင်ကြည်နှင့် သားသမီးမြေးတစ်စုက တွံတေးမိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေး၊ အာဟာရ၊ အဆောက်အအုံအတွက် ငွေကျပ် ငါးသိန်းကို ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြသိန်းထံ လှူဒါန်းစဉ်။
(၀၀၉)

❒ *ရှေ့ဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်ဌေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးသင့်မိသားစုများအတွက် ပစ္စည်းမျိုးစုံထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးဘေးသင့်မိသားစုများအတွက် အိမ်ထောင်စုတစ်စုလျှင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ၂၀ စီကို ဇန်နဝါရီ ၇ ရက်က အဆိုပါရပ်ကွက်၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးနိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တာမွေမြို့နယ် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၌ ဒီဇင်ဘာ ၃၀ ရက်ကကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အလှူငွေကျပ် သိန်း ၅၀ကို မျက်စိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသန်းလွင်ထံ ပေးအပ်စဉ်။ (မြန်မာ့အလင်း)

တောင်သာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

မန္တလေး ဇန်နဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် လယ်ကွက်ကြီးကျေးရွာအုပ်စု ကျောက်တစ်လုံး ဆည်ရေသောက်ဒေသ ကွင်းအမှတ်(၁၂၂၃)၊ ဦးပိုင်အမှတ် (၇၇) တောင်သူ ဦးအောင်ဆန်း စိုက်ပျိုးထားသည့် မနောသုခစပါး စိုက်ခင်းတွင် ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက စံကွက်ရိတ်သိမ်းပွဲကျင်းပရာ (သင့်)ကိုယ်စားပြု တစ်ဧက အထွက်နှုန်း ၈၁ ဒသမ ၂၆ တင်းနှုန်း ထွက်ရှိခဲ့သည်။

လေ့လာကြည့်ရှု

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျင်မောင်၊ မြို့နယ်လယ်ယာထုတ်ကုန်တိုးတက်မြင့်မားရေး ကော်မတီဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဒေါ်သန်းသန်းအုံးနှင့်ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးမျိုးအောင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ဒေသခံတောင်သူများလာရောက် လေ့လာကြည့်ရှုကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် အဏုဇီဝမြေသြဇာရည် အသုံးပြု၍ သဘာဝစိုက်ပျိုးရေးကို ဦးတည်ဆောင်ရွက်သွားရန် တာဝန်ရှိသူများက တောင်သူများအား ပညာပေးဆွေးနွေးကာ လက်တွေ့သရုပ်ပြပွဲ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

လွတ်လပ်ရေးနေ့ အခမ်းအနား စလင်းမြို့၌ ကျင်းပ

စလင်း ဇန်နဝါရီ ၈

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွန်းက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၄ ရက်က ကန်ကြီးထောင့်မြို့ လောကမှန်ကူဘုရားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**သာသနာ့ရဲ့ အနှစ်တရား** တရားတော် ဆရာတော် အရှင်ပုညာနန္ဒ
၆:၃၀	ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၃၄)
၈:၄၅	လူရွှင်တော် 5 Star အငြိမ့် (အပိုင်း-၃)
၉:၂၅	Activities in the City YMBA ၏ သက်ကြီးပူဇော်ပွဲနှင့် မြန်မာစာ ရည်ချွန်ဆုချီးမြှင့်ပွဲ
၉:၄၀	လှူဖွယ်မြတ်သင်္ကန်းရယ်နှင့် ဂုဏ်တင့်ကာ ဝင့်ထည်စေမည့် ရတနာမွန်
၉:၅၅	မေသျှင်ဝန်း ခံစားသီဆိုထားသော **ညရေးချညာ** VCD ဖြန့်ချိခြင်း
၁၀:၁၀	နဒီနက္ခတ်ပညာအကြောင်း ဆွေးနွေးခန်း
၁၀:၄၀	The Champion of Dance
၁၁:၁၅	Activities in the City Insee Diamond Cement ၏ Launch Party
၁၁:၃၅	ကလေးများအတွက် ပျော်စရာ ပန်းလှိုင်ဆေးရုံ၏ မိခင်နှင့် ကလေးများနေ့မှာ
၁၁:၄၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၉)
၁၂:၂၀	ကထိန်လှူရ မြတ်ဒါန
၁၂:၄၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ငုံးဥနှင့် ဝက်သားစတူးနှင့် သရက်သီးမှည့်သုပ်)
၁:၀၀	**သာသနာ့ရဲ့ အနှစ်တရား** တရားတော် ဆရာတော် အရှင်ပုညာနန္ဒ
၂:၀၀	MRTV-4သတင်း
၂:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၃၄)
၃:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၁)
၄:၀၀	MNL MYANMAR 2012 [(Zwekapin United FC Vs Hantharwady United FC (Live)]
၆:၀၀	MRTV-4 သတင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၈၂)
၇:၁၀	Four Falvours Show(အပိုင်း-၁)
၈:၀၀	MRTV -4 သတင်း
၈:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀	ဗီဒီယိုပြခန်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှင်းရာ** (အပိုင်း-၃၅)
၁၀:၁၅	အနုပညာမိုးကောင်းကင်
၁၀:၃၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၂၀)
၁၁:၁၀	Sunday Talk (ဒေါက်တာ ထွန်းလွင်၊ မျိုးမြတ်သူ)
၁၁:၃၀	Celebrity Choice (စုမီ)
၁၁:၃၅	အလင်းဗေဒ၏ ရန့်သစ်ခြေသံ
၁၁:၅၅	ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ သူ့ဘဝနဲ့ သူ့လက်ရာ
၁၂:၂၀	မြင့်မြတ်စိတ်ထား ALKI-KEN အားကစား
၁၂:၅၀	ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား (အခြေခံ) (အပြည့်လွဲခြင်း၊ သဲကျင်းဘန်ကာရိုက်ချက်)
၁:၀၀	Celebrity Profile (Michelle Yeoh)
၁:၂၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁:၄၅	လှပသစ်ဆန်း အလှပြင်ခန်း (Violet Style Beauty Spa)
၂:၁၀	လီဆူးသဘာဝ ရိုးရာအလှ
၂:၄၀	အကြံကောင်း ဉာဏ်ကောင်းနှင့် ဝင်ငွေတိုးစေမည့် အရည်အသွေးကောင်း ကြံသီးနှံ
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	လယ်တီသာသနာ လယ်တီကျောက်စာ
၄:၃၀	ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
၄:၄၀	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FC Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Arsenal-Leeds United	(Star Sports)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဆော်ဒီနိုင်ငံမှ သေဒဏ်စီရင်မှုများတိုးလာမှုအပေါ် ကုလသမဂ္ဂက စိုးရိမ်မကောင်းဖြစ်နေဟုဆို

ရီယတ် ဇန်နဝါရီ ၈

ဆော်ဒီအာရေဗျနိုင်ငံ၌ သေဒဏ်စီရင်မှုများ သိသိသာသာတိုးပြီး နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များအတွင်း အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုများရှိခြင်းအပေါ် စိုးရိမ်မကောင်းဖြစ်ရကြောင်း ကုလသမဂ္ဂက ကြေညာသည်။

၂၀၁၁ ခုနှစ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံ၌ သေဒဏ်ချမှုများ သိသိသာသာတိုးလာခြင်းနှင့်ပတ်သက်၍ မိမိတို့အဲ့ဩတုန်လှုပ်မိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမင်းကြီး၏ ပြောရေးဆိုခွင့်ရှိသူ ရူးပတ်ကိုဗီးက ဇန်နဝါရီ ၆ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ ပြစ်မှုများကျူးလွန်ကြောင်း ဝန်ခံချက်ရယူရန် နည်းလမ်းတစ်ရပ်အဖြစ် အကျဉ်းသားများအား ညှဉ်းပမ်းနှိပ်စက်မှုများ အရမ်းကာရော ပြုလုပ်သည့် လက္ခဏာရှိကြောင်း ၎င်းက ပြောကြားသည်။ မုဒိမ်းမှု၊ လူသတ်မှု၊ စားပြမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုတို့သည် ဆော်ဒီအာရေဗျနိုင်ငံတွင် သေဒဏ်ချမှတ်နိုင်သည့်ပြစ်မှုများတွင် ပါဝင်သည်။ **(အင်တာနက်)**

မူးယစ်ဆေးဝါး ၇၇၈၆၅ ကီလိုဂရမ် ပါကစ္စတန်၌ ဖမ်းဆီးရမိ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၈

ပါကစ္စတန်နိုင်ငံ တစ်နံတစ်လျား ၂၀၁၁ ခုနှစ်အတွင်း မူးယစ်တိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအလေးချိန်မှာ ၇၇၈၆၅ ကီလိုဂရမ် အထိရှိခဲ့ကြောင်း ဇန်နဝါရီ ၇ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထို့ပြင်မူးယစ်ဆေးဝါးတိုက်ဖျက်ဆန့်ကျင်ရေးကို အမျိုးမျိုးသောနည်းလမ်းဖြင့် လူငယ်များသို့ အထူးဦးတည်ကာ ပညာပေးလှုပ်ရှားမှုများစွာကို နှစ်ဟောင်းတစ်နှစ်တာအတွင်း စီစဉ် ဆောင်ရွက်ခဲ့ကြောင်း၊ စာတမ်းတင်ခြင်းများ၊ ဆွေးနွေးဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အခမဲ့ဆေးကုသခြင်းများ၊ ဓာတ်ပုံခင်းကျင်းပြသခြင်းများနှင့် မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးသည့် အခမ်းအနားများစွာကို ကျင်းပပေးခဲ့ကြောင်းလည်း ပါကစ္စတန်မူးယစ်တိုက်ဖျက်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(အင်တာနက်)**

ဩစတြီးယားနိုင်ငံ ဆီးနှင်းများထူထပ်စွာကျဆင်း ကားလမ်းနှင့် ရထားလမ်းပိတ်ထားရ

ဗီယင်နာ ဇန်နဝါရီ ၈

ဩစတြီးယားနိုင်ငံ နေရာဒေသအများအပြားတွင် ဇန်နဝါရီ ၈ ရက်နံနက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းနေမှုကြောင့် ကားလမ်းနှင့်ရထားလမ်းများပေါ်တွင် ဆီးနှင်းများဖုံးလွှမ်းလျက်ရှိကြောင်း ဩစတြီးယားအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆီးနှင်းများဖုံးလွှမ်းနေသောကြောင့် နိုင်ငံအနောက်ပိုင်းဒေသများတွင် ရထားပြေးဆွဲမှုများရပ်ဆိုင်းထားရသည်။ အချို့ကျေးလက်ဒေသများနှင့် ကမ္ဘာလှည့်ခရီးသွားအပန်းဖြေစခန်းများလည်း ပိတ်ထားရကြောင်း ၎င်းတို့က ပြောကြားသည်။

ပိတ်ထားရ

ဆီးနှင်းများ ဆိုးရွားစွာကျဆင်းမှုမှာ ဇန်နဝါရီ ၅ ရက်ကတည်းက စတင်ဖြစ်ပွားနေခြင်းဖြစ်ရာ အချို့ဒေသများတွင် ဆီးနှင်းထုမှာ အမြင့်လေးပေအထိ ရှိနေသည်။ ထို့ကြောင့် ဩစတြီးယားနိုင်ငံအနောက်ပိုင်း တိုင်ရိုလ်မြို့နှင့် ဘလူဒန့်ဇ်မြို့များသို့ ဆက်သွယ်ထားသော ကားလမ်းနှင့် ရထားလမ်းများကို ပိတ်ထားရသည်။

ဖယ်ရှား

ဆီးနှင်းများ ဆိုးရွားစွာကျဆင်းနေမှုကြောင့် အာလ်ဘတ်တောင်ပေါ်ရှိ အပန်းဖြေစခန်းတွင် ကမ္ဘာလှည့်ခရီးသည် ၁၅၀၀၀ ခန့် သောင်တင်လျက်ရှိရာ လမ်းများပြန်လည်ဖွင့်လှစ်နိုင်ရန် ဆီးနှင်းများကို အမြန်ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

(အင်တာနက်)

မျက်မှန်ကွန်ပျူတာ

အသစ်တီထွင်ထုတ်လုပ်ထားသည့် Wearable Computer (ဝတ်ဆင်ထားနိုင်သော ကွန်ပျူတာ) မျက်မှန်ကွန်ပျူတာတစ်လုံးကို ကုမ္ပဏီအဖွဲ့ဝင် တစ်ဦး စမ်းသပ်ကိုင်တွယ်ပြစဉ်။

(ကိုင်းနှင့်တကွ မျက်မှန်တပ်ဆင် ကွန်ပျူတာ၊ မောက်စ်နှင့် ခေါက်သိမ်းနိုင်သော ကီးဘုတ်တို့ဖြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ သိပ္ပံနည်းပညာကုမ္ပဏီကြီးတစ်ခုမှ တီထွင်ထုတ်လုပ်ထားသည်။ မျက်မှန်တွင် ကွန်ပျူတာတစ်လုံးကဲ့သို့ ကြည့်ရှု အသုံးပြုနိုင်သော ယခုကွန်ပျူတာအမျိုးအစားသည် တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် တီထွင်ထုတ်လုပ်ခြင်းဖြစ်ပြီး လာမည့်မတ်လအတွင်း ဈေးကွက်တင်ရောင်းချမည်ဖြစ်သည်။) **(အင်တာနက်)**

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း** မိုးမြင့်လင်းလက် – စုစည်းသည်

၂၀၁၃ ခုနှစ် အလယ်ပိုင်း၌ နေမုန်တိုင်းများဖြစ်ပေါ်နိုင်

ဝါရှင်တန် ဇန်နဝါရီ ၈

၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ နေဂြိုဟ်တွင် လှုပ်ရှားမှုများ တိုးမြင့်ဖြစ်ပေါ်လာနိုင်ပြီး ၂၀၁၃ ခုနှစ်အလယ်ပိုင်း၌ စူးရှတောက်ပသော အလင်းရောင်ခြည်တန်းများထွက်ပေါ်ကာ နေမုန်တိုင်းများဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်အမျိုးသားအာကာသရေးရာနှင့် အာကာသသိပ္ပံမှ သုတေသနပညာရှင် သောမတ်စ်ဒီဂျာမာလူဒင်က ဇန်နဝါရီ ၈ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။ **(ယာပုံ)**

ထိုသို့ နေမုန်တိုင်းများဖြစ်ပေါ်မှုကြောင့် ကမ္ဘာတွင်မိုးသည်းထန်ခြင်း၊ ရေလွှမ်းခြင်းများပိုမိုဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် ဥရောပတွင် ရေခဲမြစ်များ အရေပျော်မှုဖြစ်ပွားကာ ရေလွှမ်းမှုများဖြစ်ပေါ်နိုင်ကြောင်း ၎င်းကပြောကြားသည်။

ထို့အတူ အာရှတွင် အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ပစိဖိတ်ဒေသများ၌ နေမုန်တိုင်းများဒဏ်ကို ခံရနိုင်ဖွယ်ရှိသည်။ နေမုန်တိုင်း များကြောင့် ရေကြီးခြင်း၊ မိုးရွာခြင်းများမှာ မြေပြင်အခြေအနေနှင့် ဒေသ၏မူလရာသီဥတု အနေအထားပေါ်တွင် အခြေပြုကာ ဖြစ်ပေါ်နိုင်ကြောင်း သုတေသနပညာရှင် သောမတ်စ်က ဆက်လက်ပြောကြားသည်။ နေမုန်တိုင်းများသည် လူသားတို့အပေါ် တိုက်ရိုက်ကျရောက်နိုင်ခြင်း မရှိကြောင်း၊ ဓာတ်အားဖြန့်ဖြူးရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများအပေါ်တွင် ထိခိုက်နိုင်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

၁၇၉၃ ခုနှစ်ထုတ် ကြေးဒင်္ဂါးတစ်ပြား အမေရိကန်ဒေါ်လာ တစ်သန်းရရှိ

အော်လန်ဒို ဇန်နဝါရီ ၈

အမေရိကန်နိုင်ငံက ၁၇၉၃ ခုနှစ်၌ ပထမဆုံးအကြိမ် ထုတ်လုပ်ခဲ့သည့် တစ်ဆင့်တန် ကြေးဒင်္ဂါးပြားတစ်ပြားကို ဖလော်ရီဒါပြည်နယ်တွင် ဇန်နဝါရီ ၇ ရက်က ပြုလုပ်သည့် လေလံတင်ပွဲတစ်ခု၌ အမေရိကန်ဒေါ်လာတစ်သန်း ရရှိခဲ့ကြောင်း ဇန်နဝါရီ ၈ ရက်က သတင်းထုတ်ပြန်သည်။

ဖလော်ရီဒါပြည်နယ်ရှိ ဖလော်ရီဒါယူနိုက်တက်နူမစ်မာတစ်ခန်းမ၌ ပြုလုပ်သည့် နှစ်ပတ်လည် လေလံတင်ရောင်းချပွဲတွင် အမည်မဖော်လိုသောဝယ်ယူသူတစ်ဦးက အဆိုပါကြေးဒင်္ဂါးကို များပြားသော ငွေကြေးပမာဏဖြင့် ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။ ၎င်းကြေးဒင်္ဂါးပြားသည် ထူးခြားပြောင်မြောက်သော ဒီဇိုင်းလက်ရာဖြစ်ပြီး ရှားပါးရှေးကျသော ဒင်္ဂါးပြားလည်းဖြစ်သည်။ ကြေးဒင်္ဂါးပြားမျက်နှာစာတစ်ဖက်တွင် လေဘာတီပုံပါရှိပြီး နောက်ဘက်တွင် ပန်းခက်များပါရှိသည်။ အဆိုပါလေလံပွဲတွင် ဒင်္ဂါးအမျိုးအစားပေါင်း ၆၀၀ ခန့်ပြသရောင်းချခဲ့သည်။ ရှေးကျသည့် တစ်အောင်စတန် ငွေဒင်္ဂါးပြားများ၊ နီကယ်ဒင်္ဂါးများနှင့် အခြားငွေဒင်္ဂါးအကြွေစေ့များလည်း ပါဝင်သည်။ **(အင်တာနက်)**

ဝေဟင်၌ ပျံသန်းနေသောလေယာဉ် မုန်တိုင်းမိပြီး ခရီးသည်များဒဏ်ရာရ

စင်ကာပူ ဇန်နဝါရီ ၈

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှ စင်ကာပူနိုင်ငံသို့ ဇန်နဝါရီ ၇ ရက်က ပျံသန်းလာသော ကင်းတက်စ်အေ ၃၈၀ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဝေဟင်၌ မုန်တိုင်းဒဏ်ခံခဲ့ရသဖြင့် ခရီးသည်ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စင်ကာပူလေဆိပ်အရာရှိများက ဇန်နဝါရီ ၈ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါလေယာဉ်သည် အိန္ဒိယနိုင်ငံဝေဟင်၌ ဖြတ်ကျော်ပျံသန်းစဉ် မုန်တိုင်းမိခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းဒဏ် ခံရချိန်မှာ ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းကဖြစ်ကြောင်း ကင်းတက်စ်လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဒဏ်ရာရရှိခဲ့သော ခရီးသည်ခုနစ်ဦးအနက် လေးဦးမှာ ဆေးကုသရန်လိုအပ်သဖြင့် စင်ကာပူလေဆိပ်မှ အနီးဆုံးဆေးရုံသို့ တင်ပို့ပေးလိုက်သည်။ ယင်းဒဏ်ရာရသူများမှာ လေယာဉ်မုန်တိုင်းဒဏ်ခံရချိန်တွင် ထိုင်ခုံမှ ပြုတ်ထွက်ပြီးနောက် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းဒဏ်ကြောင့် လေယာဉ်ကိုယ်ထည်နှင့် အခြားအစိတ်အပိုင်းများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ ကင်းတက်စ်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက စင်ကာပူလေဆိပ်မှ ပျံတက်ပြီး မကြာမီ အင်ဂျင်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ရာ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၈-၁-၂၀၁၂

➤➤ တင်မောင်လွင် – စုစည်းသည် ➤➤

ဒမတ်စကပ်မြို့အတွင်း အကြမ်းဖက်မှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

လူအသေအပျောက်များသည့် ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့တော်အတွင်းမှ ဗုံးခွဲတိုက်ခိုက်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြစ်တင်ရှုတ်ချလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဒမတ်စကပ်မြို့ လူဦးရေထူထပ်သည့် အယ်ဟီစွန်အရပ်ရှိ လမ်းဆုံလမ်းခွတွင် အမည်မသိအကြမ်းဖက်သမားများက ဖောက်ခွဲရေးပစ္စည်းဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် ဇန်နဝါရီ ၆ ရက်က ၂၆ ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့တော်အတွင်း အကြမ်းဖက်သမားများက လူအများအပြား သေဆုံး၊ ဒဏ်ရာရအောင် ဗုံးခွဲတိုက်ခိုက်မှုကို မိမိပြစ်တင်ရှုတ်ချကြောင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားလိုက်သည်။ သေဆုံး၊ ဒဏ်ရာရသူများ၏ မိသားစုများနှင့် ဆီးရီးယားပြည်သူများထံ မိမိစာနာ ဝမ်းနည်းကြောင်း ပြောကြားလိုပြီး ဆီးရီးယားပြည်တွင်းအခြေအနေ ပိုမိုဆိုးလာခြင်းအပေါ် စိုးရိမ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မြောက်မာလူကူပြည်နယ်တွင် ဇန်နဝါရီ ၇ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း အင်ဒိုနီးရှား မိုးလေဝသနှင့် ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် ယင်းနေ့ ဒေသစံတော်ချိန် ၁၆နာရီ ၃၁မိနစ်က တာနိတ်မြို့အနောက်မြောက်ဘက် ကီလိုမီတာ ၁၀၀အကွာ မြေအောက် ၇၉ကီလိုမီတာ အနက်၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။

အိန္ဒိယအကျဉ်းသား ၁၇၉ ဦး ပါကစ္စတန်ပြန်လည်လွှတ်ပေး

ပါကစ္စတန်နိုင်ငံက အိန္ဒိယငါးဖမ်းသမားများနှင့် အခြားအိန္ဒိယနိုင်ငံသား စုစုပေါင်း ၁၇၉ ဦး အား ကရာချိဆိပ်ကမ်းမြို့ရှိ အကျဉ်းစခန်းတစ်ခုမှ ဇန်နဝါရီ ၇ ရက်က ပြန်လည်လွှတ်ပေးလိုက်ကြောင်း ပြည်နယ်ရုပ်မြင်သံကြားတစ်ခုက ထုတ်လွှင့်ခဲ့သည်။ အဆိုပါ အိန္ဒိယ ငါးဖမ်းသမားများသည် မကြာသေးသည့်လများအတွင်းက ပါကစ္စတန် ရေပိုင်နက်ကို ဖြတ်၍ ဝင်ရောက်ငါးဖမ်းစဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ကရာချိဆိပ်ကမ်းမြို့နယ်ရှိ လွှတ်မြောက်အကျဉ်းသားအားလုံးကို ဘတ်စ်ကားများဖြင့် တင်ဆောင်ကာ ၎င်းတို့အား နိုင်ငံအရှေ့ပိုင်း ကဟိုးမြို့ရှိ ဝပ်လ်ဂါနယ်စပ်ဂိတ်မှ အိန္ဒိယအာဏာပိုင်များသို့ ဇန်နဝါရီ ၈ ရက်က လွှဲပြောင်းပေးခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ လာမည့်အပတ်များတွင် အိန္ဒိယအကျဉ်းသား ၂၇၆ ဦးကိုလည်း လွှတ်ပေးသွားမည်ဖြစ်ကြောင်း ပါကစ္စတန်–အိန္ဒိယတရားရေးရာကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အစ္စလမ်နာတေဇက်က ပြောကြားသည်။

၂၀၁၂ ခုနှစ်၌ တူရကီသို့ခရီးသည် ၃၂ သန်းကျော် လာရောက်နိုင်

တူရကီနိုင်ငံတွင် ၂၀၁၂ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသည် ၃၂ ဒသမ ၅ သန်းအထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း တူရကီယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီး အာတူဂွါဂန်နေးက ဇန်နဝါရီ ၇ ရက်တွင် ပြောကြားသည်။

တူရကီနိုင်ငံတွင် ၂၀၁၁ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် သန်း ၃၀ ခန့် လာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေလည်း တိုးတက်ခဲ့ကြောင်း ဂန်နေး၏ ပြောကြားချက်အား ကိုးကား၍ အစိုးရအာဘော်တစ်ပိုင်း အင်နာတိုလီယာသတင်းဌာနက ဖော်ပြသည်။ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃၂ ဒသမ ၅ သန်းကျော်ရောက်ရှိနိုင်ပြီး ခန့်မှန်းခြေ ယခုနှစ်ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄ သန်းခန့်အထိ ရရှိလိမ့်မည်ဟုလည်း ဝန်ကြီးဂန်နေးက ထပ်မံပြောကြားခဲ့သည်။ နိုင်ငံတောင်ပိုင်းရှိ အင်တဲယားပြည်နယ်သည် ကမ္ဘာလှည့်ခရီးသွားများ အပန်းဖြေ အနားယူရန်အတွက် အထူးစိတ်ဝင်စားသည့် နေရာဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် ခရီးသည် ၁၁ သန်းရောက်ရှိသော အဓိကဆွဲဆောင်ရာ နေရာတစ်နေရာလည်းဖြစ်သည်။ *(အင်တာနက်)*

9-1 (04).pmd 1 1/9/2012, 2:12 AM

နိုင်ငံတကာအနုပညာ

အယ်လ်ဘမ်များစံချိန်တင်ရောင်းချခဲ့ရ

နယူးယောက် ဇန်နဝါရီ ၈

အမေရိကန်နိုင်ငံတစ်ဝန်း ၂၀၀၄ ခုနှစ်နောက်ပိုင်း ပြီးခဲ့တဲ့နှစ်က တေးအယ်လ်ဘမ်များ ရောင်းချမှုမှာ စံချိန်တင် မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း အမေရိကန် တေးအယ်လ်ဘမ် ရောင်းရမှု ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့တဲ့အကြောင်း နယ်လ်ဆင်တေးဂီတမဂ္ဂဇင်းက ဖော်ပြခဲ့ပါတယ်။

အများဆုံး ရောင်းရတဲ့ တေးအယ်လ်ဘမ် စံချိန်ချိုး လိုက် နိုင် တဲ့ ဗြိတိသျှ နာမည်ကြီး အမျိုးသမီး အဆိုတော်အဒေလီ။

အများဆုံး ရောင်းရတဲ့ တေးအယ်လ်ဘမ်ကတော့ ဗြိတိသျှနာမည်ကြီး အမျိုးသမီးအဆိုတော် အဒေလီရဲ့ 21 လို့ အမည်ရတဲ့ အယ်လ်ဘမ်ဖြစ်ပါတယ်။ စုစုပေါင်း သူမရဲ့ တေးအယ်လ်ဘမ် ၅ ဒသမ ၈ သန်းရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်း အဆိုတော် မိုက်ကယ်ဘတ်ဘလီရဲ့ ခရစ္စမတ်သီချင်းအယ်လ်ဘမ်ကတော့ ၂ ဒသမ ၄ သန်းရောင်းချခဲ့ရပါတယ်။ လေဒီဂါဂါရဲ့ Born This Way တေးအယ်လ်ဘမ်ကတော့ ၂ ဒသမ ၁ သန်း ရောင်းချခဲ့ရပါတယ်။ အဆိုတော် လေဒီဂါဂါဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အတွင်း အယ်လ်ဘမ် ၄ ဒသမ ၄ သန်း ရောင်းချခဲ့ရပါတယ်။ အဆိုတော် အီမီနမ်ရဲ့ Re-covery လို့ အမည်ပေးထားတဲ့ တေးအယ်လ်ဘမ်ကတော့ ၂၀၁၀ ခုနှစ်မှာ ရောင်းအား အကောင်းဆုံးဖြစ်ပြီး စုစုပေါင်း အယ်လ်ဘမ် ၃ ဒသမ ၄၂ သန်း ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။

အဆိုတော် လေဒီဂါဂါ

ပြီးခဲ့တဲ့နှစ်အတွင်း အဆိုတော် လီဝိန်း၊ ဂျက်ဆင်အော်ဒင်း၊ မန်ဖို့တို့ရဲ့ တေးအယ်လ်ဘမ်များအပါအဝင် စုစုပေါင်း ၁ ဒသမ ၆ ဘီလီယံအထိ အမေရိကန်တစ်ဝန်း ရောင်းချခဲ့ရပါတယ်။ ဒါဟာ ၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ရောင်းအား မြင့်တက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

အဆိုတော် အီမီနမ်

အဆိုတော် ဘီယွန်ဆေးနှင့် ဂျေး-Z တို့ သမီးငယ်လေးမွေးဖွား ရင်သွေးငယ်များ အနုပညာအမွေဆက်ခံနိုင်ရန် ဟောလိဝုဒ်စီစဉ်နေ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၈

နာမည်ကြီး အဆိုတော်တစ်ဦးဖြစ်တဲ့ ဘီယွန်ဆေးဟာ နယူးယောက်မြို့မှာ သမီးလေးမွေးဖွားခဲ့တယ်လို့ သိရပါတယ်။

အမည်ပေးထား

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေးနဲ့ အဆိုတော် ဂျေး-Z တို့က သူတို့ရဲ့ သမီးလေးကို အိုင်ဗီဘလူးကာတာလို့ အမည်ပေးထားကြပါတယ်။ ဘီယွန်ဆေးဟာ ကမ္ဘာကျော် အဆိုတော်တစ်ဦးဖြစ်ပြီး တေးအယ်လ်ဘမ်များစွာ ထွက်ရှိထားတဲ့ အဆိုတော် ဖြစ်ပါတယ်။ **(ယာပုံ)**

ဟောလိဝုဒ်က နာမည်ကြီးအဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်တွေက မွေးဖွားလာတဲ့ ရင်သွေးငယ်လေးများကို ရုပ်ရှင်နဲ့ ဂီတလမ်းကြောင်းမှာ ဆက်လက် အမွေဆက်ခံပေးနိုင်ဖို့ အကောင်းဆုံးသော သင်တန်းတွေပေးဖို့လည်း သက်ဆိုင်ရာက စီစဉ်နေကြောင်း သိရှိရပါတယ်။ **(အင်တာနက်)**

အဆိုတော် ဂလိုရီယာ အီစတီဖန်း

လက်တင်အမေရိကမှာ အအောင်မြင်ဆုံးအဆိုတော် ဂရမ်မီဆု ခုနှစ်ဆုရ ဂလိုရီယာအီစတီဖန်း

လန်ဒန် ဇန်နဝါရီ ၈

အဆိုတော် ဂလိုရီယာ အီစတီဖန်း (Gloria Estefan)ဟာ အမေရိကန် လက်တင်အဆိုတော်တွေထဲမှာသမိုင်းတင်ခဲ့ရတဲ့ ပထမဆုံး အမျိုးသမီးအဆိုတော်ဖြစ်ပါတယ်။

အသက် ၅၄ နှစ်ရှိပြီဖြစ်တဲ့ အီစတီဖန်းရဲ့သီချင်းတွေဟာ ကျူးဘားနိုင်ငံနဲ့ ကမ္ဘာမှာ လူကြိုက်များခဲ့တာဖြစ်ပါတယ်။ သူမဟာ ဟာဗားနားမယ်ဘဝမှ အဆိုတော် ဖြစ်လာတာပါ။ သူမဟာ လွန်ခဲ့တဲ့ လေးနှစ်အတွင်းမှာ ပထမဆုံးသော အယ်လ်ဘမ် ထွက်ခဲ့ပါတယ်။

အီစတီဖန်းဟာ သူမရဲ့ဂီတအနုပညာရှင်သက်တမ်း ဆယ်စုနှစ်ငါးခုထဲမှာ တေးအယ်လ်ဘမ်ပေါင်း သန်း ၉၀ အထိ ရောင်းချခဲ့ရတဲ့ ကမ္ဘာကျော်အဆိုတော်ဖြစ်ပါတယ်။

ကျူးဘား-အမေရိကန် ကပြားအဆိုတော် အီစတီဖန်းဟာ ၁၉၇၀ ပြည့်လွန်နှစ်များကစလို့ ဂီတလောကထဲမှာ အောင်မြင်ကျော်ကြားတဲ့ အဆိုတော်ဖြစ်လာခဲ့ပါတယ်။

Don't Wanna Lose You လို့ အမည်ပေးထားတဲ့ သူမရဲ့တေးအယ်လ်ဘမ်ဟာ ၁၉၈၉ ခုနှစ်က အမေရိကန်နိုင်ငံမှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။

အဆိုတော်အီစတီဖန်းဟာ ဂရမ်မီဆုခုနစ်ဆု ဆွတ်ခူးနိုင်ခဲ့တဲ့ အဆိုတော်ဖြစ်ပါတယ်။ ဒီနောက်မှာတော့ သူမဟာ ဂီတလောကမှာအောင်မြင်မှုတွေအတွက် ၂၀၀၈ ခုနှစ်က အထူးလက်တင်ဂရမ်မီဆု ဆွတ်ခူးသွားခဲ့ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာ ဇီဝသိပ္ပံသတင်း

ဇော်ဦးခိုင် - ဘာသာပြန်သည်

သန္ဓေစပ်သားဖောက်ထားသော မျောက်နီလေးသုံးကောင် အမေရိကန်သိပ္ပံပညာရှင်များ ပထမဆုံး မွေးထုတ်ပေးနိုင်

ပေါ့ခ်လန်း ဇန်နဝါရီ ၈

သီးခြားစီဖြစ်သော သန္ဓေသားလောင်းများ၏ ဆဲလ်များပေါင်းစပ်ပြီး သန္ဓေသားလောင်းသစ်တည်စေပြီး သားမွေးစေခြင်းကို ပထမဆုံးအကြိမ် အောင်မြင်မှုရရှိခဲ့သည်။ **(အောက်ပုံ)**

မတူညီသည့် သန္ဓေသားလောင်းအသီးသီးမှ ဆဲလ်များကို ထုတ်ယူပေါင်းစပ်ကာ မျောက်မများ၏ သားအိမ်အတွင်း ထည့်သွင်းပြီး သုတေသနပြုခဲ့ရာ မျောက်လေးသုံးကောင်အား မွေးဖွားစေနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုဇီဝနည်းပညာဖြင့် သားကောင်ငယ်လေးများ မွေးဖွားခြင်းကို သန္ဓေစပ်သားဖောက်ခြင်းဟု ခေါ်တွင်ပြီး ထိုကဲ့သို့သောသားပေါက်များ၏ မျိုးဗီဇများသည် ပင်မမျိုးစိတ် သတ္တဝါတို့၏ မျိုးဗီဇတို့နှင့်မတူဘဲ များစွာကွဲပြားခြားနားသည့် လက္ခဏာများရှိသည်။

အမေရိကန် သိပ္ပံပညာရှင်တစ်စု အောင်မြင်စွာ သုတေသနပြုမွေးထုတ်ပေးလိုက်သည့် မျောက်နီလေးသုံးကောင်မှာ ချီမာဂို၊ ရိုကုနှင့် ဟာ့ဇ်တို့ ဖြစ်ကြသည်။ ထိုမျောက်နီလေးသုံးကောင်ကို မတူညီသည့် သန္ဓေသားလောင်းခြောက်လောင်းမှ ဆဲလ်များကို ထုတ်ယူကာ ပေါင်းစပ်၍မွေးထုတ်ထားခြင်းဖြစ်သည်။

သွားလာလှုပ်ရှား

ထိုသို့ မျိုးဗီဇမတူသည့် ဆဲလ်များဖြင့် ဖွဲ့စည်းစေ၍ ခန္ဓာကိုယ်တစ်သျှူးများ ဖြစ်တည်စေကာ မွေးဖွားခဲ့သော မျောက်သုံးကောင်သည် ကျန်းမာရေးကောင်းမွန်ကာ သာမန်အတိုင်းပင် သွားလာလှုပ်ရှားလျက်ရှိကြောင်း၊ မျိုးဗီဇမတူသည့် ဆဲလ်များ၏ တုံ့ပြန်မှုသည်လည်း ဖောက်ပြန်မှုမရှိဘဲ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ကောင်းစွာတည်ဆောက်ဖွံ့ဖြိုးစေလာကြောင်း ပေါ့ခ်လန်းရှိ အော်ရီဂွန် ကျန်းမာရေးသိပ္ပံတက္ကသိုလ်မှ ပညာရှင် ဆောက်ခ်ခရတ်မီတဲလ်လီပေါ့ဖ်က ပြောကြားသည်။

အောင်မြင်စွာ မွေးထုတ်နိုင်

သန္ဓေစပ်သားဖောက်ခြင်းသည် သက်ရှိ သန္ဓေသားလောင်းဗေဒဖွံ့ဖြိုးမှု သုတေသနပညာရပ်များအတွက် လွန်စွာအရေးပါပြီး ဇီဝဆေးပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများတွင်လည်း များစွာအရာရောက်မည်ဖြစ်ကြောင်း သန္ဓေစပ်မျောက်နီလေးသုံးကောင်ကို အောင်မြင်စွာ မွေးထုတ်နိုင်ခဲ့သည့် အမေရိကန်သိပ္ပံပညာရှင်အဖွဲ့က ဂျာနယ်တွင် ရေးသားဖော်ပြလိုက်သည်။

ယခု သုတေသနပြုရလဒ်ကို လူသားတို့တွင် စမ်းသပ်သုတေသနပြုရန် လိုအပ်ကြောင်း၊ အာရုံကြောဆိုင်ရာ ချို့ယွင်းမှု ဖြစ်ပွားသောရောဂါများတွင် ဆဲလ်အစားထိုးပေါင်းစပ်ခြင်းဖြင့် ကုသနိုင်ရေး အနာဂတ်ဆေးပညာနယ်ပယ်အတွက် သန္ဓေစပ်သားဖောက်ခြင်း (Chimeras) သည် အစပျိုး အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ကြောင်း သိပ္ပံပညာရှင် မီတဲလ်လီပေါ့ဖ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

လူသားတို့၏ ဦးနှောက်စွမ်းရည် အသက် ၄၅ နှစ်တွင် စတင်ကျဆင်းကြောင်း ဗြိတိသျှဆေးပညာဂျာနယ်၌ ရေးသားဖော်ပြထား

လန်ဒန် ဇန်နဝါရီ ၈

လူတို့၏ ဦးနှောက်စွမ်းဆောင်ရည်သည် အသက် ၄၅ နှစ် အရွယ်တွင် ယိုယွင်းမှုစတင်ဖြစ်ပေါ်ကြောင်း ဗြိတိသျှဆေးပညာဂျာနယ်၌ ရေးသား ဖော်ပြခဲ့သည့် သုတေသနစာတမ်းတစ်စောင်အရ သိရှိရသည်။

အသက် ၄၅ နှစ်မှ ၄၉ နှစ်အကြား ယောက်ျား၊ မိန်းမများတွင် ဉာဏ်အမြော်အမြင် တွေးခေါ်နိုင်မှုသည် ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းမှုဖြစ်ပွားလာသည်ကို လန်ဒန်ယူနီဗာစီတီကောလိပ်မှ သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခု သုတေသနပြု ရလဒ်သည် ယခင်က သုတေသနပြု တွေ့ရှိချက်ကို ပြောင်းလဲသွားစေသည့် အသစ်တွေ့ရှိချက်ပင် ဖြစ်သည်။

ဦးနှောက် စွမ်းဆောင်ရည်များ ကျဆင်းမှုသည် လူ့သက်တမ်း ၆၀ မတိုင်မီ မဖြစ်ပွားကြောင်း ယခင် သုတေသနပြုတွေ့ရှိချက်အပေါ် မှားယွင်းကြောင်း အသစ်တွေ့ရှိချက်ကိုဖော်ပြလျက် သုတေသနပညာရှင်များက စာတမ်းတွင် ရေးသားထားခြင်းဖြစ်သည်။ **(အင်တာနက်)**



အဆုတ်ကင်ဆာဖြစ်ပွားစေသော မျိုးဗီဇ စင်ကာပူသိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ

စင်ကာပူ ဇန်နဝါရီ ၈

အဆုတ်ကင်ဆာဖြစ်ပွားစေသော မျိုးဗီဇတစ်မျိုးကို စင်ကာပူသိပ္ပံပညာရှင်များ တွေ့ရှိအတည်ပြုနိုင်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၆ ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

စင်ကာပူသိပ္ပံပညာရှင်တစ်စု ယခုတွေ့ရှိသည့် ဆဲလ်အချို့သည် အသားပိုအကျိတ်အဖုများ ကြီးထွားမှုကို ဖြစ်ပွားစေနိုင်သည့် ဆဲလ်များဖြစ်ပြီး CD 166 ဟု အမည်ပေးထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဆဲလ်များပြောင်းလဲမှု

ခန္ဓာကိုယ်ဇီဝတွင်းဖြစ်စဉ်တွင် အင်ဇိုင်း (ဓာတ်ပြောင်းအကူဒြပ်) အဆင့်မြင့်မားစွာ ဖြစ်ပေါ်ချိန်တွင် ပုံမှန်မဟုတ်သည့်ဖြစ်စဉ်များ ဖြစ်ပွားသည်ကို တွေ့ရှိခဲ့သည်။ ထိုဖြစ်စဉ်များမှ ဆဲလ်များပြောင်းလဲမှုဖြစ်ပြီး ကင်ဆာရောဂါ စတင်ဖြစ်ပွားပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ယခု သုတေသနပြုတွေ့ရှိချက်ကို သိပ္ပံပညာရှင် ဘန်းလမ်၊ အီလင်းလမ်နှင့် တန်တော့စ်ဆန်ဆေးရုံနှင့် စင်ကာပူအမျိုးသားကင်ဆာဗဟိုဌာနတို့မှ ပညာရှင်များပေါင်းစည်းထားသည့်အဖွဲ့က ရှာဖွေဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်းများ

စပိန်လာလီဂါပွဲစဉ် (၁၇) ယှဉ်ပြိုင် ရီးရဲမက်ဒရစ်တို့ ငါးဂိုးသွင်းပြီး နိုင်ပွဲရရှိ

မက်ဒရစ် ဇန်နဝါရီ ၈

စပိန်လာလီဂါပွဲစဉ် (၁၇)ကို ဇန်နဝါရီ ၈ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်နှင့် ဂရင်နာဒါအသင်းတို့ပွဲတွင် ရီးရဲမက်ဒရစ်က ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ရေဆင်းနှင့် ရီးရဲဇာရာဂိုဇာတို့ ပွဲတွင် ရေဆင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (အပေါ်ပုံ)

စပိန်လာလီဂါ၌ တန်းစီဇယားထိပ်ကို ဆက်လက်စိုးမိုးထားရန် နည်းပြမော်ရင်ဟိုကြိုးစားလျက်ရှိရာ ယခုပွဲ၌ စီရိုနယ်ဒို၊ ဘင်ဇီမာ၊ ရာမို့စ်၊ ဟီဂူအင်စသည့် အဓိကကစားသမားများဖြင့် ရီးရဲမက်ဒရစ်တို့ ပွဲထွက်ခဲ့သည်။

အိမ်ကွင်း၌ ကစားရသော်လည်း ရီးရဲမက်ဒရစ်တို့ ဂိုးများသွင်းယူနိုင်ရေး ဖိဖိစီးစီးကစားခဲ့ရာ ပွဲချိန် ၁၉ မိနစ်၌ ရီးရဲမက်ဒရစ်အတွက် ဘင်ဇီမာက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်တို့ အနိုင်ဂိုးများ သွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၃၄ မိနစ်၌ ရာမို့စ်ကတစ်ဂိုး၊ ပွဲချိန် ၄၇ မိနစ်၌ ဟီဂူအင်ကတစ်ဂိုး၊ ပွဲချိန် မိနစ် ၅၀ ၌ ဘင်ဇီမာက တစ်ဂိုးနှင့် ပွဲချိန် ၈၉ မိနစ်၌ စီရိုနယ်ဒိုက တစ်ဂိုးသွင်းယူခဲ့ရာမှ ရီးရဲမက်ဒရစ်တို့ ငါးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဂရင်နာဒါအတွက် ချေပဂိုးကို မီခေးလ်ရီကိုက သွင်းယူပေးပြီး ပွဲအပြီး ရီးရဲမက်ဒရစ်တို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ လာလီဂါတန်းစီဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ တစ်ဖန် ရေဆင်းနှင့် ရီးရဲဇာရာဂိုဇာအသင်းတို့ပွဲတွင် ရေဆင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရေဆင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၆ မိနစ်၌ ဘာနာဒိုက သွင်းယူပေးခဲ့သည်။ ထို့အတူ ရီးရဲဆာစီဒက်နှင့် အိုဆာဆူနာတို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး လီဗန်တေးနှင့် မာလော့ကာတို့ပွဲ၌လည်း ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။

(အင်တာနက်)

မောင်မောင်မြင့်ဆွေ ➢ စုစည်းသည်

ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပြင်သစ်တင်းနစ်သမားဆန်ဂါ ဗိုလ်စွဲ

ဒိုဟာ ဇန်နဝါရီ ၈

ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ပြင်သစ်တင်းနစ်ကစားသမားများဖြစ်ကြသော ဆန်ဂါနှင့် မွန်ဖီးလ်တို့ ဇန်နဝါရီ ၇ ရက်က ယှဉ်ပြိုင်ကစားရာ ဆန်ဂါက အနိုင်ရရှိပြီး ဆုတံဆိပ်ဆွတ်ခူးသွားပြီ ဖြစ်သည်။ **(ယာပုံ)**

ဆန်ဂါသည် တစ်နိုင်ငံတည်းသား မွန်ဖီးလ်ကို ၇-၅၊ ၆-၃ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိအောင်ကစားခဲ့ခြင်းဖြစ်သည်။ ဆန်ဂါ၏ အားပါပြီးပြင်းထန်သော လက်ပြန်ရိုက်ချက်များ၊ ထောင့်ဖြတ်ရိုက်ချက်များကို မွန်ဖီးလ်အနေဖြင့် ကောင်းမွန်စွာမတုံ့ပြန်နိုင်ခဲ့ခြင်းကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ဗိုလ်စွဲခဲ့

အသက် ၂၆ နှစ်ရှိ ပြင်သစ်တင်းနစ်ကစားသမား ဆန်ဂါအတွက် ၂၀၁၂ ခုနှစ်၌ ပထမဆုံး ဗိုလ်စွဲခဲ့သည့် ပြိုင်ပွဲလည်းဖြစ်သည်။ ကာတာအိုးပင်းပြိုင်ပွဲ၌ ကမ္ဘာကျော် တင်းနစ်သမားဖြစ်သည့် ရော်ဂျာဖက်ဒရားမှာ အကြိုဗိုလ်လုပွဲ၌ နောက်ကျောဒဏ်ရာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည်။ **(အင်တာနက်)**



အပြိုင်ခေါ်ယူနေသည့် ဘာမင်ဂမ်မှ ဆယ်ကျော်သက် တောင်ပံကစားသမား နာသန်ရက်မွန်နို့

လန်ဒန် ဇန်နဝါရီ ၈

အင်္ဂလန်ချန်ပီယံရှစ် ကလပ်အသင်းဖြစ်သည့် ဘာမင်ဂမ်အသင်းမှ ဆယ်ကျော်သက်တောင်ပံကစားသမား နာသန်ရက်မွန်နို့ကို ပရီမီယာလိဂ်ထိပ်တန်းအသင်းများဖြစ်သည့် လီဗာပူးနှင့်မန်စီးတီးတို့က ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။

*အသက် ၁၇ နှစ်အရွယ်သာရှိသေးသည့် ရက်မွန်နို့ **(ဝဲပုံ)**ကို မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေးမည်ဟု ကမ်းလှမ်းလျက်ရှိသလို လီဗာပူးအသင်းကလည်း ပြောင်းရွှေ့ကြေး ပေါင် ၁၂ သန်းပေးမည်ဟု ကမ်းလှမ်းလျက်ရှိသည်။ ထို့အတူ မန်ယူနှင့်ချယ်လ်ဆီးတို့ကလည်း ရက်မွန်နို့၏အခြေအနေကို စောင့်ကြည့်လျက်ရှိရာ ဘာမင်ဂမ်အသင်းနည်းပြ ဟက်တန်က ရက်မွန်နို့အား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားသည်။*

တောင်ပံကစားသမား ရက်မွန်နို့သည် ၂၀၁၀ ခုနှစ် ကာလင်းဖလားပြိုင်ပွဲမှ စတင်ကာ ဘာမင်ဂမ်အသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ဘာမင်ဂမ်အသင်း သမိုင်းတွင် တရီဗာဖရန်စစ်ပြီးလျှင် ရက်မွန်နို့မှာ ဒုတိယမြောက်အသက်အငယ်ဆုံး ဘောလုံးသမားဖြစ်သည်။ *(အင်တာနက်)*



တိုက်စစ်မှူး ရွန်နေ မန်ယူ၌ ဆက်ရှိမည်ဟုဆို

လန်ဒန် ဇန်နဝါရီ ၈

လာမည့်အပြောင်းအရွှေ့ရာသီတွင် တိုက်စစ်မှူး ရွန်နေအား ရောင်းချမည်ဆိုသည့်သတင်းများအပေါ် မန်ယူက ငြင်းဆိုလိုက်သည်။

ရွန်နေ **(အပေါ်ပုံ)**နှင့် နည်းပြဖာဂူဆန်တို့၏ ဆက်ဆံရေးသည် ပြိုကွဲသွားပြီဖြစ်ကြောင်း ဆက်ဒေးအင်ဒီဗင်းဒင့် သတင်းစာက ရေးသားဖော်ပြသည်။

စာချုပ်ထား

စောစောပိုင်းသတင်းများတွင် ရွန်နေနှင့်မန်ယူတို့ လမ်းခွဲလိုက်ကြပြီဖြစ်ကြောင်း နှစ်ဖက်စလုံးမှကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း အင်ဒီဗင်းဒင့်သတင်းစာ၏ ဖော်ပြချက်များမှာ လုံးဝမမှန်ကြောင်း၊ မိမိအနေဖြင့် အနာဂတ်တွင် မန်ယူနှင့်အတူ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ရွန်နေကိုယ်တိုင် တွစ်တာဝက်ဘ်ဆိုက်တွင် ပြောကြားလိုက်သည်။ အသက် ၂၆ နှစ်ရှိ ရွန်နေသည် ၂၀၁၀ ခုနှစ်က မန်ယူနှင့် ငါးနှစ်သက်တမ်း စာချုပ်ထားသည်။ **(အင်တာနက်)**

➢ မြင့်မောင်စိုး – စုစည်းသည် ➢

အမီယာခမ်းနှင့် ပီတာဆင်လက်ဝှေ့ပွဲ ပြန်လည်ထိုးသတ်ရန် လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ တိုက်တွန်း

လန်ဒန် ဇန်နဝါရီ ၈

ဗြိတိသျှလက်ဝှေ့သမား အမီယာခမ်းနှင့် လာမွန်ပီတာဆင်တို့ပွဲကို ပြန်လည်ထိုးသတ်သင့်ကြောင်း ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဂျီဘာတိုမန်ဒိုဇာက ပြောကြားလိုက်သည်။

တိုက်တွန်းထား

*အမီယာခမ်း **(အောက်ပုံ)**သည် ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ဝါရှင်တန်၌ ပီတာဆင်အားရှုံးပြီး ဒဗလျူဘီအေနှင့် အိုင်ဘီအက်ဖ်ချန်ပီယံခါးပတ်များ လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ယင်းတို့ပြိုင်ပွဲသည် အငြင်းပွားဖွယ် အမှတ်ဖြင့်နိုင်သည့်ပွဲဖြစ်ခြင်းကြောင့် ပြန်လည်ထိုးသတ်ရန် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်က တိုက်တွန်းထားသည်။*

ပြန်လည်ထိုးသတ်သင့်

အိုလံပစ်ငွေတံဆိပ်ဆုရှင် အမီယာခမ်း၏ ရှုံးနိမ့်မှုသည် ခုနစ်ချီမြောက်နှင့် ၁၂ ချီမြောက်တို့တွင် တစ်မှတ်သာ လျော့နည်းခဲ့ခြင်းကြောင့် ပြန်လည်ထိုးသတ်သင့်ကြောင်း တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***



<u>အင်ဒီမာရေးအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။</u>

ဘရစ္စဘိန်းဖလား အင်ဒီမာရေးဆွတ်ခူး

လန်ဒန် ဇန်နဝါရီ ၈

ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် ဘရစ္စဘိန်းအင်တာနေရှင်နယ်ဗိုလ်လုပွဲတွင် ယူကရိန်းတင်းနစ်ကစားသမား အလက်ဇန္ဒြား ဒေါ်ဂိုပိုလော့အား အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အင်ဒီမာရေးသည် ဒေါ်ဂိုပိုလော့အား ၆-၁၊ ၆-၃ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘရစ္စဘိန်းဖလားကို ဆွတ်ခူးနိုင်ခဲ့၍ ဩစတြေးလျအိုးပင်းဖလား ဆွတ်ခူးနိုင်ရန်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ဇန်နဝါရီ ၁၆ ရက်တွင် ပါဝင်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဗြိတိသျှနံပါတ်တစ် တင်းနစ်ကစားသမား အင်ဒီမာရေးသည် ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ပါက ပထမဆုံးသော ၎င်း၏ ဂရင်းဆလမ်ဖလား ဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

<u>အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်း အွန်နရီ</u>

တိုက်စစ်မှူး အွန်နရီ အာဆင်နယ်တွင် နှစ်လကစားမည်

လန်ဒန် ဇန်နဝါရီ ၈

နယူးယောက်ရက်ဘူးလ်အသင်းမှ တိုက်စစ်မှူး အွန်နရီအား အသင်းဟောင်း အာဆင်နယ်က နှစ်လစာချုပ်ဖြင့် ဇန်နဝါရီ ၇ ရက်က စာချုပ်လိုက်ပြီဖြစ်သည်။

<u>ဂိုးသွင်းစံချိန်အများဆုံး</u>

အသက် ၃၄ နှစ်အရွယ်ရှိ အာဆင်နယ်အသင်းခေါင်းဆောင်ဟောင်း အွန်နရီသည် မေဂျာလိဂ်ဘောလုံးကစားပြီး အတန်ကြာ အာဆင်နယ်အသင်းနှင့်အတူ လေ့ကျင့်ထားလျက်ရှိသည်။ အွန်နရီသည် အာဆင်နယ်အသင်းနှင့်အတူ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် ကစားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂါဗင်ဟို အာဖရိကနိုင်ငံများဖလား သွားရောက်ကစားနေစဉ် အွန်နရီက ၎င်းနေရာတွင် ကစားပေးရမည်ဖြစ်သည်။ ၎င်းသည် ၂၀၀၇ ခုနှစ်က ပေါင် ၁၆ သန်းဖြင့် အာဆင်နယ်မှ ဘာစီလိုနာသို့ ပြောင်းရွှေ့ခဲ့သည်။ အွန်နရီသည် အာဆင်နယ်အသင်းတွင် ဂိုးသွင်းစံချိန်အများဆုံး တိုက်စစ်မှူးအဖြစ် သမိုင်းတင်ခံထားရသူလည်းဖြစ်သည်။

(အင်တာနက်)

ရန်ကုန်တောင်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော ပထမအကြိမ် ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုပူဇော်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက်က သန်လျင်သာသနာ့ဗိမာန်ကြီး၌ ကျင်းပရာ အသင်းလိုက်ပထမဆုရရှိသော သုံးခွမြို့နယ်အား ရန်ကုန်တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးကျော်ခင်မြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ဝ၄၉)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု အိမ်မဲမြို့နယ်၌ လမ်းဖွင့်ပွဲကျင်းပ

အိမ်မဲ ဇန်နဝါရီ ၈

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် အထက်ပိုင်း ရပ်ကွက်(၁၀)လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

မြစ်ငယ် ဇန်နဝါရီ ၈

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) အထွေထွေမန်နေဂျာ ဦးညီထွန်း ဦးဆောင်၍ အလုပ်ရုံအသီးသီးမှ ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက မီးရထား မီးသတ် (သီးသန့်)ရုံးတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် ဖောက်ထုတ်ယူပြီး သွေးအိတ် ၁၂၃ အိတ်ကို အထွေထွေ မန်နေဂျာ ဦးညီထွန်းက ပေးအပ်လှူဒါန်းရာ သွေးလှူဘဏ်တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စိန်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၅၃)**

ရာဇာလင်းမိသားစု ဆေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၈

ပညာဒါနအလှူရှင် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုသည် ဆေးတက္ကသိုလ်တက်ရောက်ရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ရွေးချယ်ပြီး နှစ်စဉ်ပညာသင်ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင်လည်း ဆေးတက္ကသိုလ်တက်ခွင့်ရ ကျောင်းသား ကျောင်းသူ ရှစ်ဦးအား ရွေးချယ်၍ "ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆု" ချီးမြှင့်လိုက်ကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆုရရှိကြသူများမှာ မအိအိထွန်း (ရန်ကုန်) ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ မပန်းပြည့် (ပျဉ်းမနား) ဆေးတက္ကသိုလ် မန္တလေး၊ မောင်ထွန်းအောင်ဗိုလ် (ဝန်းသို) ဆေးတက္ကသိုလ် မကွေး၊ မောင်ခိုင်ရဲဇံ(ကံမ) ဆေးတက္ကသိုလ် မကွေး၊ မောင်ရှိန်းဇော်(ကျောက်ထု) ဆေးတက္ကသိုလ် မကွေး၊ မပန်းအိဝေ(ရေဦး) ဆေးတက္ကသိုလ် မကွေး၊ မယုယုခိုင်မော်(သံတွဲ) ဆေးတက္ကသိုလ် မကွေးနှင့် မနှင်းအေးဝေ(အိမ်မဲ) ဆေးတက္ကသိုလ် မကွေးတို့ဖြစ်ကြသည်။

အဆိုပါ ပညာသင်ဆု ရရှိသူများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပထမနှစ်မှစ၍ ဆေးပညာဘွဲ့ရသည်အထိ တစ်ဦးလျှင် တစ်လ ငွေကျပ်ငါးသောင်းနှုန်းစီဖြင့် ရာဇာလင်းမိသားစု၏ စည်းကမ်းချက်များနှင့်အညီ လစဉ်ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပညာသင်ဆုရရှိသူများသည် ဆေးတက္ကသိုလ်အသီးသီးတွင် မိမိတို့ပထမနှစ်သင်တန်းစတင်တက်ရောက်နေကြောင်း အထောက်အထား စာရွက်စာတမ်းများကိုလည်းကောင်း၊ ယခင် ပညာသင်နှစ်များတွင် ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆုရရှိခဲ့ပြီး ဆေးပညာ ဆက်လက်သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ သက်ဆိုင်ရာ အတန်းအသီးသီး အောင်မြင်ကြောင်း ထောက်ခံချက်များကိုလည်းကောင်း အမှတ်(၅၀) ကန်ရိပ်သာ (၃)လမ်း Finger Lake F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ အချိန်မီပေးပို့၍ ပညာသင်ဆုများ ဆက်လက်ထုတ်ယူနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဧရာဝတီမြစ်ကူး(ပခုက္ကူ)တံတားဖွင့်ပွဲနှင့် သူတို့၏ ရင်တွင်းစကား

သတင်းမြင်ကွင်း ➢ ဖေထွဏ်းဇော်(ရေစကြို)၊ ဓာတ်ပုံမှတ်တမ်း ➢ ဖေထွဏ်းလူ

နေပြည်တော် ဇန်နဝါရီ ၈

၂၀၁၂ခုနှစ်အတွက် နိုင်ငံတော်အစိုးရ၏ နိုင်ငံသူ နိုင်ငံသားများသို့ နှစ်သစ်ကူးလက်ဆောင်အဖြစ် တည်ဆောက်ပြီးစီးသမျှထဲမှ အရှည်ဆုံးသော ဧရာဝတီမြစ်ကူး(ပခုက္ကူ)တော်ဝင်တံတားကြီးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ဖွင့်လှစ်ပေးခဲ့ပါသည်။

ဧရာဝတီတံတား(ပခုက္ကူ)သည် ဒေသခံပြည်သူများ၏ အကျိုးများစွာကို ပွားစည်းတိုးမည့် အဖိုးတန်တံတားကြီးဖြစ်သည်။ တစ်နေရာမှ တစ်နေရာ ခရီးလမ်းများ ချောမွေ့လွယ်ကူလျင်မြန်စွာ သွားလာနိုင်သည်နှင့်အမျှ ကုန်စည်စီးဆင်းမှုများ မြန်ဆန်မှန်ကန်လာပြီး ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုလာနိုင်မည်မှာ ဧကန်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုး တိုးတက်လာမှုနှင့်အတူ အုပ်ချုပ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့သည်လည်း ကောင်းမွန်တိုးတက် အကျိုးဆက်တို့ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

ရင်တွင်းစကား

တံတားဖွင့်ပွဲ အခမ်းအနားအစီအစဉ်အပြီး ဖဲကြိုးဖြတ်မည့် တံတားမုခ်ဦးသို့အသွား ထောင်ပေါင်းများစွာသောပရိသတ်အကြား တိုးဝှေ့သွားလာရင်း ဒေသခံပြည်သူများ၏ ရင်တွင်းစကားများကိုလည်း ဤသို့ ကြားခဲ့ရပါသည်။

"ကျွန်တော့်နာမည်ဦးတင်ဝင်းပါ၊ ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်မှာ နေထိုင်ပါတယ်။ အခုလိုကြီးမား ကောင်းမွန်လှတဲ့ တံတားကြီးကို နေ့ချင်းညချင်းဆိုသလို ကျွန်တော်တို့ဒေသမှာ ပေါ်ပေါက်လာတော့ ကျွန်တော့် သက်တမ်း(၆၀)အတွင်း ဘယ်တုန်းကမှ မျှော်လင့်မထားမိတဲ့ အိပ်မက်တံတားကြီးပါပဲ၊ ကျွန်တော်တို့ ဧရာအနောက်မြို့တော်နှင့်အတူ ဒေသခံပြည်သူတွေ ဘဝပိုမိုလှပလာတော့မှာမို့ နိုင်ငံတော်အစိုးရကို ကျေးဇူးတွေတင်နေပါတယ်" ဟု ပြောကြားသည်။

"ဘယ်တုန်းကမှ မျှော်လင့်မထားမိတဲ့ အိပ်မက်တံတားကြီးပါပဲ။"

ဦးတင်ဝင်း
ပခုက္ကူမြို့
အမှတ်(၁)ရပ်ကွက်

ထို့နောက် ဝမ်းသာပီတိတွေဖြင့် ပြုံးပျော်စွာလျှောက်လာကြသည့် အဒေါ်ကြီးနှစ်ဦးကို တွေ့ဆုံမေးမြန်းရာ "ကျွန်မက ဒေါ်စိန်ပါ၊ သူက ဒေါ်ငွေကျင်ပါ၊ ပခုက္ကူမြို့နယ် ကျွန်းညိုရွာမှာ နေကြပါတယ်။ တောင်သူအလုပ်နဲ့ အသက်မွေးပါတယ်၊ ဒီနေ့ဟာ အပျော်ဆုံးလို့တောင် ပြောရမယ် ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ရွာကနေ ညောင်ဦးဘက်ကို ကူးတို့လှေနဲ့သွားလာကြရတဲ့အခါ၊ မြစ်ပြင်ကျယ်ကြီးမှာ လှိုင်းလေတွေ မိတတ်ပါတယ်။ အန္တရာယ်အလွန်များပါတယ်။ ယခုလို တံတားကြီးရှိလာပြီဆိုတော့ အန္တရာယ်ကင်းကင်း၊ ဘေးရှင်းရှင်းနဲ့ သွားလာကြရတော့မှာမို့ အရမ်းကို ပျော်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်" ဟု ဆိုပါသည်။

"ယခုလို တံတားကြီးရှိလာပြီဆိုတော့ အန္တရာယ်ကင်းကင်း၊ ဘေးရှင်းရှင်းနဲ့ သွားလာကြရတော့မှာမို့ အရမ်းကို ပျော်ပါတယ်။"

ပခုက္ကူမြို့နယ် ကျွန်းညိုရွာနေ
ဒေါ်စိန်ပါနှင့် ဒေါ်ငွေကျင်

ပခုက္ကူနှင့်ရန်ကုန်ကို ပြေးဆွဲနေသည့် ရွှေမြို့တော်ယာဉ်လိုင်းက ဦးခင်မောင်မြင့်ကလည်း "တံတားကြီးတည်ဆောက်တော့မယ်လို့ အသံတွေကြားကတည်းက ပျော်နေခဲ့ရတာပါဗျာ၊ ရန်ကုန်သွားဖို့အရေး ကျွန်တော်တို့ယာဉ်တွေဇက်ကူးရတဲ့ ဒုက္ခအင်မတန်ကြီးပါတယ်။ အချိန်လည်းကုန် အန္တရာယ်လည်း များပါတယ်။ ဇက်အတက်အဆင်းမှာ မကြာခဏကားတွေ ပြုတ်ကျကုန်တွေဆုံးရှုံးကြရသလို မိုးလေဝသမကောင်းရင် ပိုလို့ပင်စိုးရိမ်ရပါတယ်။ အခုတော့ အဲဒီဒုက္ခနဲ့ အန္တရာယ်တွေကင်းဝေးလို့ ငါးမိနစ်လောက်နဲ့ဟိုဘက်ကမ်းရောက်တော့မှာမို့ ခရီးသွားပြည်သူတွေကို အချိန်တိုတိုနဲ့အန္တရာယ်ကင်းကင်း ပို့ဆောင်ပေးနိုင်တော့မှာပါ" ဟု အားရပါးရ ပြောပြပါသည်။

"တံတားကြီး တည်ဆောက်တော့မယ်လို့ အသံတွေ ကြားကတည်းက ပျော်နေခဲ့ရတာပါဗျာ။"

ဦးခင်မောင်မြင့်
ရွှေမြို့တော်ယာဉ်လိုင်း

ဆက်လက်၍ တံတားဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူတစ်စု၏ ရင်တွင်းစကားသံများကို မေးမြန်းကြည့်ရာ "သမီးတို့ သူငယ်ချင်းတွေက အမှတ်(၁) အထကမှာ ကျောင်းတက်ကြပါတယ်။ ယခု တံတားဖွင့်ပွဲမှာ ပါဝင်ဆင်နွှဲရတာအရမ်းပျော်ပါတယ်။ မြန်မာအင်ဂျင်နီယာတွေရဲ့ စွမ်းပကားနဲ့ မြန်မာပြည်မှာ တည်ဆောက်ပြီးစီးသမျှထဲက အရှည်ဆုံးသော တံတားကြီးကို သမီးတို့ဒေသမှာ ဆောက်လုပ်ပေးထားတော့ ဂုဏ်ယူစရာပါ၊ တံတားဆောက်ပေးတဲ့ အင်ဂျင်နီယာကြီးတွေကို အားကျတယ်။ သမီးတို့ အားလုံး အင်ဂျင်နီယာတွေဖြစ်အောင် စာကို ကြိုးကြိုးစားစား သင်ယူသွားမှာပါ" ဟု ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားသွားပါတယ်။

"တံတားဆောက်ပေးတဲ့ အင်ဂျင်နီယာကြီးတွေကို အားကျတယ်။ သမီးတို့အားလုံး အင်ဂျင်နီယာတွေဖြစ်အောင် စာကို ကြိုးကြိုးစားစား သင်ယူသွားမှာပါ"

အမှတ်(၁) အထကမှ ကျောင်းသား ကျောင်းသူများ

ထို့နောက် တောင်တောအလက ကျောင်းမှ ဆရာမ ဒေါ်ရတနာဖြိုးကလည်း "ကျွန်မတို့ဒေသဖွံ့ဖြိုးမှုအတွက် အကျိုးပြုမယ့် တံတားကြီးဖြစ်တာမို့ ခွင့်ပြုပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ တည်ဆောက်ပေးကြတဲ့ အင်ဂျင်နီယာတွေကို တန်ဖိုးထား လေးစားခြင်းများနှင့်အတူ ကျေးဇူးတင်ရပါတယ်ရှင်။"

"ကျွန်မတို့ဒေသ ဖွံ့ဖြိုးမှုအတွက် အကျိုးပြုမယ့်တံတားကြီး ဖြစ်ပါတယ်။"

ဒေါ်ရတနာဖြိုး
အလယ်တန်းပြဆရာမ

ဤသို့လျှင် ဒေသခံတို့၏ ဧရာဝတီတံတား (ပခုက္ကူ) ပေါ်ထွန်းလာခြင်းအပေါ် မုဒိတာစကားကို တစ်ဆင့်ပြောကြား ဖောက်သည်ချရင်း ဧရာဝတီအနောက်ခြမ်းနှင့် အရှေ့ခြမ်းတို့ တစ်ဆက်တစ်စပ်တည်းဖြစ်ကာ ဒေသတစ်ဝန်း ပိုမိုဖွံ့ဖြိုးလာမည့် မြင်ကွင်းကို ပြေး၍ မြင်ယောင်နေမိပါတော့သည်။ ။ **(မြန်မာ့အလင်း)**



ဧရာဝတီတံတား(ပခုက္ကူ)

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ရက်က ဖွင့်လှစ်ပေးခဲ့သည့် ဧရာဝတီတံတား (ပခုက္ကူ)ကို ဤသို့တွေ့ရသည်။

9-1 (07).pmd 1 1/9/2012, 2:12 AM

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

နေပြည်တော် ဇန်နဝါရီ ၈

ဒီဇင်ဘာအားကစားလ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၅ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းတစ်သောင်းကျော်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့စုရပ်မှ အောင်သံလွင်ပြည်နယ်အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းအတွင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲအမှတ်(၁)နှင့်(၂)တို့ကို ညီညာစွာပြုလုပ်ကြသည်။

ပေးအပ်ချီးမြှင့်

ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအပြီးတွင် ဘားအံပညာရေးကောလိပ်သင်တန်းသူများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများသည် လွန်ဆွဲပြိုင်ပွဲ၊ သံပြားပစ်၊ သံလုံးပစ်၊ လှံတံပစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် လှိုင်းဘွဲ့မြို့နယ် ကမ်းနီကျေးရွာအနီးရှိ တောင်သူ ဦးအုန်းတင်နှင့် ဦးအောင်ကျော်မိုးတို့၏ ပဲပုပ်စိုက်ခင်းနှင့် ပဲပုပ်ရိတ်သိမ်းထားရှိမှုများ၊ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် မြေပဲစိုက်ခင်းများကို ကြည့်ရှုကာ တောင်သူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ကမ်းနီ-သာယာကုန်း-ဂျိုးချောင်းလမ်းပိုင်းနှင့် တံတားအခြေအနေများ၊ သာယာကုန်းကျေးရွာအနီး ဦးမောင်မောင်၏ နှစ်ရှည်ရော်ဘာမျိုးကောင်း မျိုးသန့်စိုက်ခင်းနှင့် သာယာကုန်း-ကပ္ပလီ-ကွမ်တာ-လှိုင်းဘွဲ့လမ်းတံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ပိုင်ကျုံမြို့ပိုင် ကျုံချောင်းကူးတံတားကိုလည်း ကြည့်ရှုစစ်ဆေးကာ တံတားရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပိုင်ကျုံတိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။ ဆက်လက်၍ ပိုင်ကျုံ-လှိုင်းဘွဲ့လမ်းပိုင်း၌ လမ်းတိုးချဲ့ခြင်းနှင့် လမ်းပေါက်ဖာထေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာန ရေဘုတ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာ၌ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့တို့ ဦးဆောင်ကာ စံပြအထူးအထွက်တိုးဧက ၁၅၀ အတွင်း ဆည်ရေဖြင့် စိုက်ပျိုးသည့် စပ်မျိုးစပါးဧက ၅၀၊ ဆင်းသုခဧက ၅၀၊ ရတနာတိုးဧက ၃၀နှင့် သံလွင်လုံးသွယ် ဧက၂၀ စိုက်ခင်းတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် အုပ်စုအလိုက် ဘက်စုံအညွန့်ကိန်းစစ်တမ်းကောက်ယူမှုရလဒ်များ ဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆွေးနွေးပွဲ ဖွင့်ပွဲတက်ရောက်

နေပြည်တော် ဇန်နဝါရီ ၈

အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်း စစ်တမ်းကောက်ယူမှုရလဒ်များ ဆွေးနွေးပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေဟိုတယ်၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများနှင့် ယူနီဆက်တို့မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် ကလေးသူငယ်ဖွံ့ဖြိုးမှု၊ ရေနှင့်မိလ္လာ၊ HIV/AIDS အကြောင်း၊ အာဟာရ၊ ကလေးသူငယ် ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး၊ ကလေးသူငယ်သေဆုံးမှုနမူနာကောက်ကွက်နှင့် ကိန်းဂဏန်းကောက်ယူမှုတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ညနေ ၅ နာရီတွင် ရသေ့တောင်မြို့နယ်ရှိ ဗုဒ္ဓပါဒခြေတော်ရာ (၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ဖက်မိခင်ကြီးများဖြစ်သည့် ဒေါ်ခင်ရီ၊ ဒေါ်ခင်မလေးတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးမောင်မောင်နိုင် ဒေါ်ချိုချိုလွင် သား မောင်ဇေယျာလွင်၊ မောင်သူရဟိန်း၊ မောင်ရဲဝဏ္ဏလွင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဂုဏ်ပြုဆုချီးမြှင့်

၂၀၁၂ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အထက(၁) ရွှေပြည်သာ ရွှေပြည်ရတနာခန်းမ၌ကျင်းပရာ ကျောင်းဘက်စုံစွမ်းရည်ပြိုင်ပွဲ မူလတန်းအဆင့်တွင် အကောင်းဆုံးပထမဆုရရှိခဲ့သော မူလတန်းလွန်သံဒင်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆလိုင်းအောင်လွင်အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ မြင့်သန်းကြည် (ရွှေပြည်သာ)

မြန်မာ့အလင်း ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ ပြည်တွင်းအားကစားကဏ္ဍ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘိုးလင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၈

မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းအမျိုးသား အမျိုးသမီး တစ်ဦးချင်းဘိုးလင်းပြိုင်ပွဲများကို ဇန်နဝါရီ ၇ ရက်နှင့် ၈ရက်တို့တွင် နေပြည်တော် ဘိုးလင်းအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ပေးအပ်ချီးမြှင့်

ယနေ့တွင် အမျိုးသား အမျိုးသမီးတစ်ဦးချင်း ဗိုလ်လုပြိုင်ပွဲများကို ကျင်းပပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ဦးချင်း ပထမဆုရ သန်းဇော်ဦး (ပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ ဒုတိယ ဇေယျာနိုင် (ပြည်ထောင်စုရာထူးဝန်အဖွဲ့)နှင့် တတိယ ဇော်လင်းထွန်း (နေပြည်တော်စည်ပင်သာယာရေးဝန်ကြီးဌာန)တို့အားလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ပထမဆုရ ခင်သန်းထွေး (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)၊ ဒုတိယ ခင်စိုးသန်း(ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် တတိယ အေးအေးမော် (နေပြည်တော်စည်ပင်သာယာရေးဝန်ကြီးဌာန) တို့အားလည်းကောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဆုတံဆိပ်နှင့် ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ***(အပေါ်ပုံ) (မြန်မာ့အလင်း)***

ရတနာပုံနှင့် ကမ္ဘောဇတို့ နိုင်ပွဲရ

ရန်ကုန် ဇန်နဝါရီ ၈

သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံ၊ ကမ္ဘောဇတို့ နိုင်ပွဲရရှိပြီး နှစ်ပွဲသရေကျသွားခဲ့ပါတယ်။

(အောင်ဆန်းကွင်း)

မနောမြေ - ဂိုးမရှိ
မကွေး - ဂိုးမရှိ

နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့လို့ သရေတစ်မှတ်နဲ့ ကျေနပ်ခဲ့ရတာပါ။ မနောမြေအသင်းမှာ ကမ်ဘူး၊ အက်စလေ၊ ပန်ဆာတို့နဲ့ လူစုံပါဝင်ခဲ့သလို မကွေးအသင်းမှာလည်း အမာခံကစားသမား တချို့ မရှိတော့ပေမယ့် ဇော်မင်းထွန်း ဦးဆောင်ပြီး လူစုံပါဝင်နိုင်ခဲ့ပါတယ်။ ရာသီကြိုခြေစမ်းပွဲတွေမှာ တောက်လျှောက်ခြေစွမ်းပြပြီး ခြေစွမ်းပိုင်း သိသိသာသာတက်လာတဲ့ မနောမြေအသင်းဟာ အခုပွဲမှာလည်း အကောင်းဆုံး ပုံစံနဲ့ သရေတစ်မှတ် ရယူနိုင်ခဲ့တာပါ။

မနောမြေမှ ကမ်ဘူး ကို မကွေး နောက်တန်းမှ ဖျက်ထုတ်နေစဉ်။

(ဗထူးကွင်း)

ရတနာပုံ - တစ်ဂိုး
Southern - ဂိုးမရှိ

ပြီးခဲ့တဲ့ ရာသီက ရလဒ်ပိုင်းရော ခြေစွမ်းပိုင်းပါ သိသိသာသာ ကျဆင်းခဲ့တဲ့ ရတနာပုံအသင်းဟာ အခုနှစ်မှာတော့ နိုင်ပွဲစတင်ရယူပြီး ပွဲဦးထွက် မျက်နှာပန်းလှခဲ့ပါတယ်။ နည်းပြချုပ်နေရာအပါအဝင် ကစားသမားများစွာ အပြောင်းအလဲပြုလုပ်ထားတဲ့ ရတနာပုံအသင်းဟာ Southern အသင်းကို ခြေအသာနဲ့ကစားနိုင်ခဲ့ပါတယ်။ နိုင်ငံခြားသားတွေမရှိတော့ဘဲ ပြည်တွင်းကစားသမားတွေနဲ့သာ ဖွဲ့စည်းထားတဲ့ Southern အသင်းကတော့ ခံစစ်ကို ဦးစားပေးကစားခဲ့ပြီး ခံစစ်ပိုင်း အမှားမများခဲ့လို့သာ အခုထက်ပိုပြီး ဂိုးမပေးရတာပါ။ ရတနာပုံအတွက် အနိုင်ဂိုးကို မိနစ် ၇၀ မှာ တိုက်စစ်မှူးရန်ပိုင်က သွင်းယူခဲ့တာပါ။

(ပဒမ္မာကွင်း)

ကမ္ဘောဇ - နှစ်ဂိုး
(ကျော်ဇေယျာဝင်းနှင့်မိုင်းအိုက်နိုင်)
ချင်းယူနိုက်တက် - ဂိုးမရှိ

(YUSC ကွင်း)

ရက္ခပူရယူနိုက်တက် - နှစ်ဂိုး
(အန်ဒရေ)
နေပြည်တော် - နှစ်ဂိုး
(ဂျွန်နသန်နှင့် ဇော်ထက်အောင်)

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက် - ဟံသာဝတီယူနိုက်တက်

(မြန်မာ့အလင်း)

● ***ကျောဖုံးမှ***

ရှေးဦးစွာ လေးချီစိန်ခေါ်ပွဲတွင် လှစ်လှစ်လေး(အဖြူရောင်သွေး)နှင့် ပူတူးတူးလေး(တောင်ကလေး)၊ အားမာန် (T & T)နှင့် ပါဝါ(တောင်ကလေး)တို့ ပွဲတွင် သရေပွဲဖြင့်လည်းကောင်း၊ အထူးပွဲအဖြစ် မြန်မာပြည်ချန်ပီယံဟောင်း ရွှေဝါထွန်း (သထုံ)နှင့် မြန်မာပြည်ချန်ပီယံဟောင်း ဝမ်ချိုင်း(ဝါဆို)တို့ ပွဲမှာလည်း သရေဖြစ်သွားခဲ့သည်။

ထို့နောက် ငါးချီစိန်ခေါ်ပွဲတွင် ဒုတိယတန်း ရွှေအောင်လံဆုရှင် သတ္တိအောင်(တောင်ကလေး)နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ရွှေတံဆိပ်ဆုရှင် ရွှေထွန်းယုံ (ဘီလပ်မြေစက်ရုံ)တို့ပွဲတွင်လည်းသရေပွဲဖြင့် အနိုင်မခံအရှုံးမပေး ထိုးသတ်ယှဉ်ပြိုင်သွားကြသည်။ ဆက်လက်၍ ဒုတိယတန်း ရွှေအောင်လံ(ဗိုလ်လုပွဲ)တွင် ရွှေသိန်းအောင်(တောင်ကလေး) နှင့် သပြေညို (ဘီလပ်မြေစက်ရုံ)တို့ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ထိုးသတ်ကြရာ ငါးချီအပြီးတွင် ရွှေသိန်းအောင် (တောင်ကလေး)က အမှတ်ဖြင့် အနိုင်ရရှိပြီး ဒုတိယတန်း ဒင်္ဂါးရွှေအောင်လံဆုကို ဆွတ်ခူးရရှိသွားသည်။

ထို့နောက် အထူးရွှေအောင်လံ (ဗိုလ်လုပွဲ)တွင် လေးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံဝင်းထွန်း(မြန်မာ)နှင့် ကမ္ဘာ့မွေထိုင်းချန်ပီယံ မာဆွတ်(အီရန်)တို့ပွဲတွင် စတုတ္ထအချီ ၁ မိနစ် ၄၈ စက္ကန့်၌ ဝင်းထွန်း၏ တံတောင်ရိုက်ချက်ဖြင့် မာဆွတ်၏နှာခေါင်းကျိုးသွားသဖြင့် ဝင်းထွန်းအနိုင်ရရှိသွားသည်။ ယင်းနောက် ပထမတန်းဒင်္ဂါးရွှေအောင်လံ (ဗိုလ်လုပွဲ)ကို ဆက်လက်ကျင်းပရာ ရုရှားနိုင်ငံလုံးဆိုင်ရာ မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံ ဆာရီကော့ဗ်(ရုရှား)က ဝင်းစိန်တောရအောင်လံဆုရှင် ရန်နိုင်အောင်(မြန်မာ)အား အမှတ်ဖြင့်အနိုင်ရဗိုလ်စွဲသွားသည်။ နောက်ဆုံးပြိုင်ပွဲအဖြစ် အလွတ်တန်း ဒင်္ဂါးရွှေအောင်လံ(ဗိုလ်လုပွဲ)ကိုကျင်းပရာ သုံးထပ်ကွမ်း ဒင်္ဂါးရွှေအောင်လံနှင့် ရွှေခါးပတ်ချန်ပီယံ စောငမန်း (မြန်မာ)နှင့် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ ချန်ပီယံဒါဗစ် (အာမေးနီးယား)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြရာ တစ်ယောက်နှင့်တစ်ယောက် အလဲမထိုးနိုင်သော်လည်း စောငမန်းက အမှတ်ဖြင့် အနိုင်ရရှိပြီး ရွှေအောင်လံ ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။ **(မြန်မာ့အလင်း)**

သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ

မောင်အောင် (မွေး/ကု)

"အေး-မောင်အောင်ပါလား၊ ငါတို့ကြီးတောင် မတွေ့တာကြာနေပြီ၊ တယ်ပြီး ပျော်ချက်သား ကောင်းနေပါလား။"

အမေ့ရွာသို့ မရောက်တာကြာပြီဖြစ်သော ကျွန်တော့်ကို ဦးကြီးက မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဟုတ်တယ်ဦးကြီး၊ ဌာနအလုပ်တွေရော၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန် အသင်းအလုပ်တွေရောလုပ်နေရလို့ ဦးကြီးတို့ဘက် မလှည့်ဖြစ်တာပါ။"

"အေး- ဒါနဲ့ ဟိုတစ်နေ့က ငါရေဒီယိုသတင်းမှာ ကြားလိုက်သလိုပဲ။ ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်ပွားအောင် မင်းတို့ဌာနက နယ်စပ်စစ်ဆေးရေးဂိတ်တွေမှာ စနစ်တကျ စစ်ဆေးနေတာ၊ နိုင်ငံခြားက တင်သွင်းတဲ့မျိုးကြက်ဥနဲ့ ကြက်သားပေါက်တွေ စစ်ဆေးနေတာကြားတယ်။ ကြက်ငှက်တုပ်ကွေးရောဂါကို ဒို့နိုင်ငံမှာ ဘယ်နှကြိမ် ဖြစ်ပြီးသွားပြီလဲ။ အခုကော ပြန်ပြီးဖြစ်နိုင်ခြေရှိလို့ မင်းတို့က စစ်ဆေးမှုတွေလုပ်နေတာလား။"

ဦးကြီးက ကျွန်တော်တို့ဌာန၏ ဆောင်ရွက်ချက်များကို စိတ်ဝင်စားပုံရသည်။

"ကြက်ငှက်တုပ်ကွေးရောဂါဟာ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၆ ခုနှစ်ကစပြီး ဖြစ်ခဲ့တာပါ။

အဲဒီတုန်းက မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ် ၁၃ မြို့နယ်မှာဖြစ်ပွားခဲ့ပြီး ရောဂါထိန်းချုပ်ဖို့ ကြက်နဲ့ငုံး သေဆုံးတာရော ဖျက်ဆီးတာ အပါအဝင် ၆ ဒသမ ၆ သိန်းလောက် ဆုံးရှုံးခဲ့ရတယ်။ ဒုတိယအကြိမ်ကတော့ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှာဖြစ်ခဲ့တာ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်က မြို့နယ် ၁၂ မြို့နယ်မှာဖြစ်ပွားခဲ့တာ။ အဲဒီဒုတိယအကြိမ်မှာလည်း ကြက်၊ ဘဲ၊ ငုံး ၁ ဒသမ ၁ သိန်းလောက် ရောဂါကာကွယ်ထိန်းချုပ်ဖို့ ဖျက်ဆီးခဲ့ရတယ်။"

"တစ်ခါတစ်ခါဖြစ်လိုက်ရင် ဖျက်ဆီးရတာလည်း မနည်းပါလား။"

"ဟုတ်တယ် ဦးကြီး၊ ဒါပေမယ့် ပထမအကြိမ်မှာထက် ဒုတိယအကြိမ်မှာ သတင်းစောစောရတဲ့အတွက် ဖျက်ဆီးရတဲ့ကောင်ရေ လျော့သွားပါတယ်။

တတိယအကြိမ်ကလည်း အဲဒီ ၂၀၀၇ ခုနှစ် နိုဝင်ဘာလမှာဖြစ်ခဲ့တယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်နဲ့ ကျိုင်းတုံမှာဖြစ်ခဲ့တယ်။ ပထမနှစ်ကြိမ်တုန်းကတော့ မွေးမြူရေးကြက်တွေမှာဖြစ်ခဲ့ပေမယ့် ဒီတစ်ကြိမ်ကတော့ တိုင်းရင်းကြက်ဘဲတွေမှာဖြစ်တာ။ ဒီတစ်ကြိမ်မှာလည်း ရောဂါကြောင့်သေဆုံးတာရော၊ ရောဂါထိန်းချုပ်ဖို့ရော တိုင်းရင်းကြက်ဘဲ ၃၀၀၀၀ လောက် ဖျက်ဆီးခဲ့ရတယ်။

အဲဒီလို နှစ်နှစ်လောက်လည်း ဆက်တိုက်ဖြစ်လိုက်ရော ကျွန်တော်တို့လူတွေ ဇီဝလုံခြုံမှု အတော်လေးဂရုစိုက်လာကြတာကြောင့် ၂၀၀၈ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ်မှာ ကြက်ငှက်တုပ်ကွေးရောဂါ လုံးဝမဖြစ်ဘူး။ စတုတ္ထအကြိမ် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလမှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း၊ မင်္ဂလာဒုံနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ပြီး ကြက် ၁၆၀၀၀ လောက် ဆုံးရှုံး ပျက်စီးခဲ့ရတယ်။ နောက်ဆုံးဖြစ်ခဲ့တာက ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာဖြစ်ခဲ့တာ။ ရခိုင်ပြည်နယ် စစ်တွေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးက တန့်ဆည်၊ ရေဦးနဲ့ ဒီပဲယင်းမြို့နယ်တွေမှာဖြစ်ခဲ့တာ။ မွေးမြူရေးခြံ ၁၉၅ ခြံက ကြက်၊ ဘဲ၊ ငုံးတစ်သိန်းကျော်လောက် ဆုံးရှုံးခဲ့ရပါတယ်။"

"မင်းပြောပုံဖြင့် ၂၀၀၆ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ခြောက်နှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ငါးကြိမ်ဖြစ်ပွားခဲ့တာပေါ့"

"ဟုတ်ပါတယ် ဦးကြီး၊ အဲဒီငါးကြိမ်မှာ ပြည်နယ်နဲ့တိုင်းဒေသကြီး ခုနစ်ခုက မြို့နယ် ၃၄ မြို့နယ်က မွေးမြူရေးခြံ ၈၄၇ ခြံမှာဖြစ်ပွားခဲ့ပြီး ကြက်ကောင်ရေကိုးသိန်းကျော် ဆုံးရှုံးခဲ့ရပါတယ်။

"အေး- နည်းတဲ့ဆုံးရှုံးပျက်စီးမှုမဟုတ်ဘူး။ ကြက်တစ်ကောင်ကို ငွေကျပ် ၁၀၀၀ နဲ့ တွက်ရင်တောင် သိန်း ၉၀၀၀ ကျော်ဆုံးရှုံးခဲ့ရတာပဲ။"

"ဟုတ်ပါတယ် ဦးကြီး၊ ဒါတောင် တိရစ္ဆာန်တန်ဖိုးပဲတွက်ထားတာ။ တိရစ္ဆာန်အပြင် မွေးမြူရေးခြံတွေ၊ ကြက်စာတွေ၊ ကြက်ဥတွေ ဖျက်ဆီးရတာပါထည့်တွက်ရင် ငွေကျပ် သိန်း၂၀၀၀၀ လောက်တော့ရှိတယ်။"

"အေး- ဒါ့ထက်အရေးကြီးတာက လူ့အသက်ကွ။ ဒို့နိုင်ငံမှာ လူကိုကူးစက်တာ ဖြစ်သေးတယ်မဟုတ်လား။"

"ဟုတ်ပါတယ် ဦးကြီး၊ ၂၀၀၇ ခုနှစ် ကျိုင်းတုံမှာဖြစ်တုန်းက ခုနစ်နှစ်သမီးလေး တစ်ယောက် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်တဲ့လက္ခဏာ တွေ့သေးတယ်။ အဲ- ဒါပေမယ့် ကျန်းမာရေးဌာနက စနစ်တကျ ပြုစုစောင့်ရှောက်တာကြောင့် အသက်ဆုံးရှုံးတာ မဖြစ်ပါဘူး။"

"အေး-ကောင်းပါတယ်ကွာ။ အဲ-ဒါနဲ့ တစ်ကမ္ဘာလုံးမှာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူဘယ်နှယောက်လောက် အသက်ဆုံးရှုံးရသလဲ။ ဘယ်နိုင်ငံက အများဆုံးလဲ။"

ဦးကြီးနှင့် ကျွန်တော်၏ စကားဝိုင်းသို့ အခြားလူများပါ စိတ်ဝင်တစား လာရောက်နားထောင်နေကြသဖြင့် ရှင်းပြရကျိုးနပ်ပါသည်။

"တစ်ကမ္ဘာလုံးမှာ ကြက်ငှက်တုပ်ကွေးရောဂါ ၆၃ နိုင်ငံ ကူးစက်ဖြစ်ပွားခဲ့ပါတယ်။ လူကိုကူးစက်ဖြစ်ပွားတာ ၁၅ နိုင်ငံရှိပြီး သေဆုံးမှုအများဆုံးကတော့ အင်ဒိုနီးရှားနိုင်ငံ ဖြစ်ပါတယ်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့ ထုတ်ပြန်အတည်ပြုချက်အရ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားပြီး အများဆုံးသေဆုံးတဲ့ နိုင်ငံတွေက အင်ဒိုနီးရှား ၁၅၀၊ ဗီယက်နမ် ၅၉ ဦးနဲ့ အီဂျစ်နိုင်ငံက ၅၃ ဦး ဖြစ်ပါတယ်။ လူကို ကူးစက်တာ စုစုပေါင်း ၅၇၃ ဦးရှိရာမှ ၃၃၆ ဦး သေဆုံးခဲ့ပြီးဖြစ်ပါတယ်။"

"အေးကွာ ဒီရောဂါက တကယ့်ကိုကြောက်စရာပဲ။ အေး - ဒါနဲ့ ဒို့နိုင်ငံက ရောဂါဖြစ်ပေမယ့် လူသေဆုံးတာမရှိဘူးဆိုတော့ ဒို့နိုင်ငံလို တခြားနိုင်ငံရော ရောဂါဖြစ်ပေမယ့် မသေတဲ့နိုင်ငံရှိသလား။"

"ရှိပါတယ် ဦးကြီးရဲ့၊ ကျွန်တော်တို့နိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဂျီဘောတီနိုင်ငံတွေမှာ လူကို ရောဂါကူးစက်ပေမယ့် သေဆုံးတာမရှိခဲ့ပါဘူး။"

"အဲ-ဒါနဲ့ နေစမ်းပါဦးကွ၊ မင်းခုနပြောတဲ့ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် လူသေဆုံးမှုအများဆုံးဖြစ်တဲ့ အင်ဒိုနီးရှားတို့၊ ဗီယက်နမ်တို့၊ အီဂျစ်တို့က ဒို့နိုင်ငံလောက် တိရစ္ဆာန်ဆေးကုပညာပိုင်းမှာ မတိုးတက်လို့လား။ သူတို့က ကြက်ငှက်တုပ်ကွေးရောဂါကို ဘာကြောင့်မထိန်းချုပ်နိုင်ရတာလဲ။ ဘာကြောင့် လူအသေအပျောက်များရတာလဲ။"

"အဲဒါတော့ သူတို့နိုင်ငံတွေမှာလည်း တိရစ္ဆာန်ဆေးကုပညာရပ်နဲ့ပတ်သက်ရင် တိုးတက်မှုရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာက တိရစ္ဆာန်ကျန်းမာရေးနဲ့ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ပညာပေးမှုအပေါ်မှာ အလေးထားလိုက်နာဆောင်ရွက်မှုရှိတယ်။ အဲဒါကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါတွေကို ထိန်းချုပ်နိုင်တာ။"

နောက်တစ်ခုက ရောဂါထိန်းချုပ်ရေးမှာပတ်သက်တဲ့ ဌာနဆိုင်ရာတွေနဲ့ ဒေသအာဏာပိုင်တွေရဲ့ ကြပ်မတ်ဆောင်ရွက်မှု အဲဒါကလည်း အထူးအရေးကြီးပါတယ်၊ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သရက်ကန်ကျေးရွာမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တုန်းက ကျွန်တော်ကိုယ်တိုင် အဲဒီရွာကို သွားလိုက်တာ။ စစ်ကိုင်းတိုင်းဒေသကြီး တယကနဲ့ မုံရွာခရိုင် ခယက၊ ယင်းမာပင်နဲ့ ပုလဲမြို့နယ် မယကတွေအားလုံး ရောဂါထိန်းချုပ်ရေး ဝိုင်းပြီးအကူအညီပေးကြတယ်။ အဲဒါကြောင့် အဲဒီတစ်ရွာပဲ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ခဲ့ပြီး ကျန်တဲ့နေရာတွေ မပြန့်ပွားခဲ့တာ။ အဲဒါကြောင့် ကျွန်တော် နိုင်ငံခြားမှာ အစည်းအဝေးတက်တဲ့အခါ တခြားနိုင်ငံ ကိုယ်စားလှယ်တွေက မေးတယ်။ မင်းတို့နိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တယ်ဆိုတာကြားတယ်။ တစ်လလောက်နဲ့ ရောဂါထိန်းချုပ်နိုင်တယ်။ ဘယ်လိုလုပ်တာလဲတဲ့။"

"မင်းဘယ်လို ဖြေခဲ့လဲ။"

ဦးကြီးက သိချင်ဇောဖြင့် မဆိုင်းမတွ မေးလာသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် တိရစ္ဆာန်ကူးစက်ရောဂါတစ်ခုဖြစ်ခဲ့လျှင် မွေးမြူရေးလုပ်ငန်းရှင်တွေရော သက်ဆိုင်တဲ့ဌာနဆိုင်ရာတွေကပါ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဝိုင်းပြီးကူကြတယ်။ အထူးသဖြင့် ဒေသအာဏာပိုင်တွေရဲ့ ပူးပေါင်းကြပ်မတ်ဆောင်ရွက်ပေးမှုနဲ့ ပြည်သူလူထုရဲ့ လိုက်နာဆောင်ရွက်မှုကြောင့် ကူးစက်ရောဂါတစ်ခုဖြစ်လာလျှင် အချိန်တိုတိုနဲ့ ထိန်းချုပ်နိုင်တာလို့ ကျွန်တော် ဖြေခဲ့တယ်။ အားလုံးလည်း လက်ခံကြပါတယ်။"

"အေး-ဟုတ်ပါတယ်ကွာ၊ ဒို့မြန်မာလူမျိုးဆိုတာက နဂိုကတည်းက တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီတဲ့ အလေ့အထရှိပြီးသား။ လက်စားလိုက်တာတို့၊ စေတနာနဲ့ လုပ်အားပေးတာတို့က ဒို့မြန်မာနိုင်ငံမှာပဲ ရှိတာပဲလေ။ ကဲ ထားပါတော့၊ ဒီနှစ်ကော ကြက်ငှက်တုပ်ကွေးရောဂါမဖြစ်အောင် မင်းတို့ဘာတွေလုပ်ထားသလဲ၊ ဘာတွေလုပ်နေသလဲ၊ ငါတို့ ဘာလုပ်သင့်သလဲ၊ အဲဒါလေးလည်း ရှင်းပြစမ်းပါဦး"

ဦးကြီးမေးသည့် မေးခွန်းများက မေးသင့်မေးထိုက်သည့် မေးခွန်းများပင်။

"ဟုတ်ပါတယ် ဦးကြီး၊ သာမန်အားဖြင့် ကြက်ငှက်တုပ်ကွေးရောဂါက ဆောင်းခိုငှက်တွေ လာလေ့ရှိတဲ့ အခုလိုဆောင်းရာသီနဲ့ နွေဦးပေါက်မှာ ဖြစ်ပွားလေ့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း အရှေ့အာရှနဲ့ အလယ်အာရှ ဆောင်းခိုငှက်ပျံသန်းရာလမ်းကြောင်းမှာ ကျရောက်နေတဲ့အတွက် ဆောင်းခိုငှက်တွေ ရောက်လာတတ်တဲ့ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ မဟာနန္ဒာကန်၊ မိုးယွန်းကြီးအင်းနဲ့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွေမှာ ဆောင်းခိုငှက်တွေ ရောက်လာမှုကို စူးစမ်းလေ့လာပါတယ်"

"မင်းတို့ ပထမအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တုန်းက ရွှေဘိုမဟာနန္ဒာကန်ကိုရောက်လာတဲ့ ကြိုးကြာငှက်ကစပြီး ဖြစ်တာမဟုတ်ဘူးလား။ ဒီနှစ်ကော ဆောင်းခိုငှက်တွေလာတာ ဘယ်လိုအနေအထားရှိသလဲ။"

ဦးကြီးကား ခေသူမဟုတ်ပါ။ ဖြစ်ပွားခဲ့သည်များကို အမှတ်ထင်ထင်ရှိလှသည်။

"ဒီနှစ်တော့ ဆောင်းခိုငှက်လာရောက်မှုက ပုံမှန်ထက်လျော့နည်းတယ်လို့ သိရပါတယ်။ ငှက်ချစ်သူများအသင်း၊ ငှက်စောင့်ကြည့်ရေးအဖွဲ့နဲ့ သစ်တောဦးစီးဌာနက ဆောင်းခိုငှက်လာရောက်မှုကို စောင့်ကြည့်ပြီး ကျွန်တော်တို့ဌာနကို အသိပေးလျက်ရှိပါတယ်။ အကြောင်းကြောင်းကြောင့် မြို့တွေ၊ ရွာတွေထဲ ငှက်ရိုင်းကြီးတွေ၊ ဆောင်းခိုငှက်တွေ ကျရောက်လာခဲ့ရင်လည်း ပြည်သူကဖမ်းပြီး ကျွန်တော်တို့ဌာနကို အကြောင်းကြားဖို့ ပို့ပေးဖို့ ပြောထားပါတယ်။

နောက်ပြီးတော့ မွေးမြူရေးခြံတွေ ဇီဝလုံခြုံမှုမြှင့်တင်ဖို့လိုတယ်။ ကျွေးမွေးတဲ့ အစာအာဟာရပြည့်ဝဖို့လိုသလို သန့်ရှင်းတဲ့သောက်သုံးရေ တိုက်ကျွေးဖို့လိုပါတယ်။ ဖြစ်ပွားပြီးတဲ့ ရောဂါဖြစ်ပွားမှုတွေကိုပြန်ပြီးသုံးသပ်ရင် ငှက်ရိုင်းကနေ ရောဂါကူးစက်တာ၊ စာကလေး၊ ကျီးကန်းတွေကနေတစ်ဆင့် ရောဂါကူးစက်တာ၊ အစာအိတ်အဟောင်း၊ ကြက်ဥဗန်းတွေကနေတစ်ဆင့် ရောဂါကူးစက်တာ၊ တစ်ခြံကနေတစ်ခြံ ကူးသန်းသွားလာမှုကြောင့် ကူးစက်တာ၊ ရောဂါဖြစ်ပွားပြီး ကြက်သေတာကို မသိကျိုးကျွန်ပြုပြီး ထုတ်ရောင်းတာ အဲဒါတွေကြောင့် ရောဂါကူးစက်ဖြစ်ပွားခဲ့တာပါ။

နောက်ပြီးတော့ နယ်စပ်တွေကနေ ကြက်နဲ့ကြက်ဥ၊ ကြက်သားတွေ တရားမဝင်တင်သွင်းတာမျိုး မရှိဖို့လိုပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ခဲ့ရင် အဲဒီတရားမဝင်တင်သွင်းမှုတွေကတစ်ဆင့် ရောဂါကူးစက်နိုင်ပါတယ်။ ဒီအချက်ကို မွေးမြူရေးသမားတွေဘက်က လိုက်နာမယ်ဆိုရင် ရောဂါဖြစ်ပွားတာ၊ ကူးစက်တာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ဌာနကလည်း တိရစ္ဆာန်ကျန်းမာရေး နယ်စပ်စစ်ဆေးရေးဂိတ်တွေမှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ဌာနအပိုင်းကတော့ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေတာ၊ လေ့လာတာ၊ ပြည်သူကို အသိပညာပေးဟောပြောတာ၊ ကြက်ခြံတွေပိုးသတ်ဆေးဖျန်းတာ၊ ဌာနဘက်ပိုင်းက ကြိုတင်ပြင်ဆင်သင့်တာတွေ လုပ်နေပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်တွေဘက်ကသာ ဇီဝလုံခြုံမှုကိုမပေါ့ဘဲ အလေးထားဆောင်ရွက်ကြမယ်ဆိုရင် **ကြက်ငှက်တုပ်ကွေးရောဂါ ကြောက်စရာမဟုတ်ပါ** လို့ ပြောချင်ပါတယ် ဦးကြီးရယ်။"

ဦးကြီးက ပြည်သူအားလုံး ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်းပါးရေး၍အသိပညာပေးရန် ကရုဏာဒေါသောဖြင့် ကျွန်တော့်အား ပြောတော့ရာ အမေ့ရွာမှအပြန်တွင် ဤ **သတိပြုစရာ ကြက်ငှက်တုပ်ကွေးရောဂါ** ဆောင်းပါးကို ရေးသားလိုက်ရပါတော့သည်။ ။

ပေးအပ်

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူးကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် (၂၁)ကြိမ်မြောက် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အမက(၁) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးက ဆုရရှိသော မိခင်နှင့်ကလေးများအား ဆုများချီးမြှင့်ပေးအပ်စဉ်။

(၀၁၀)

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက် မြို့မငြိမ်းလမ်း၌ ဇန်နဝါရီ ၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦး၊ အရန်မီးသတ်တပ်စုမှူး ဦးတင်ညို၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ရပ်ကွက်မီးသတ်ကန်အတွင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် လမ်းဖို့ခြင်းတို့ ဆောင်ရွက်ကြစဉ်။

(၁၆၄)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၂၀ ၂။ နံနက်ခင်းသတင်း

၇း၄၀ ၃။ သတ္တဌာန (ရတနာဦး၊ တေးရေး- ဒဂုန်ဆရာတင်)

၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၈း၀၀ ၅။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**

၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈း၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈း၂၀ ၈။ အတီးပြိုင်ပွဲ

၈း၃၀ ၉။ **ဖွံ့ဖြိုးမှုအညီ ရွှေဘိုနှင့် စစ်ကိုင်းစက်ရုံများဆီ**

၈း၄၀ ၁၀။ International News

၈း၄၅ ၁၁။ တေးဂီတအစီအစဉ်

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ အကပဒေသာ

၄း၂၀ ၃။ တေးဂီတအစီအစဉ်

၄း၃၀ ၄။ **စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်**

၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (ရူပဗေဒ)

၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၅း၁၅ ၇။ မြန်မာစာ၊ မြန်မာစကား

၅း၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ

၆း၀၀ ၉။ ညနေခင်းသတင်း

၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ

၆း၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်

၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (ဒုတိယတွဲ) (အပိုင်း-၃၂)

၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ကမ္ဘာကျော်သရုပ်ဆောင်များ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မွေးစားသား** (အပိုင်း-၁၅)
၁၈။ အိန္ဒိယရုပ်ရှင် **မော်ကွန်းတင်တဲ့ ပိန်းဓားစစ်သည်** (အပိုင်း-၁)
၁၉။ အစီအစဉ်ပြီး၏။

ဆုချီးမြှင့်

ဇန်နဝါရီ ၃ ရက်က အမက (၂၆) လှိုင်မြို့နယ်၏ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ကျင်းပရာ ပထမတန်း၌ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်အောင်နိုင်ထွန်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနောင် ဆုချီးမြှင့်စဉ်။

(၁၂၂)

တောင်ငူ ဗေယျာသီရိမိဘမဲ့(အမျိုးသမီး)ကျောင်းအတွက် ကျောင်းသုံးစာရေးကိရိယာ၊ အဝတ်အထည်နှင့်ငွေများ လှူဒါန်း

တောင်ငူ ဇန်နဝါရီ ၈

တောင်ငူမြို့ မြင့်မြတ်စတိုးမိသားစုက တတိယအကြိမ် လှူဒါန်းမှုအဖြစ် ငွေကျပ် ငါးသိန်း၊ ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်၊ ကျောင်းဝတ်စုံ အနွေးထည်အပါအဝင် အဝတ်အထည်မျိုးစုံ တန်ဖိုးငွေကျပ် ၁၅ သိန်းကျော်ကို ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက တောင်ငူမြို့ (၁၈) ရပ်ကွက် ဗေယျာသီရိမိဘမဲ့ (အမျိုးသမီး) စောင့်ရှောက်ရေးကျောင်းရှိ ကျောင်းသူ ၇၈ ဦးအတွက် လှူဒါန်းပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲ အခမ်းအနားသို့ အလှူရှင် မြင့်မြတ်စတိုး မိသားစုဝင်များ၊ မိဘမဲ့ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်မေဒိနီနှင့် ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းရှိ ကျောင်းသူများအား နံနက်စာအာဟာရဖြင့် ကျွေးမွေးလှူဒါန်းကြောင်း သိရှိရသည်။

ကျွေးမွေးလှူဒါန်း

(၁၃၆)

9-1 (09).pmd 1 1/9/2012, 2:12 AM

နည်းပညာဘာသာရပ်အချို့အား သက်ဆိုင်ရာတက္ကသိုလ်အလိုက် ပေါင်းစည်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၈

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန လက်အောက် သက်မွေးပညာဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ နည်းပညာဘာသာရပ်အချို့အား သင်ကြားရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အဓိကထားရည်ရွယ်ကာ ပေါင်းစည်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပေါင်းစည်းသင်ကြားဖို့ လိုအပ်တဲ့ ဘာသာရပ်တွေကို အခုလိုဖွင့်ဖို့အတွက် စီစဉ်ထားတာပါ။ အခုရွေးချယ်ထားတဲ့ ဘာသာရပ်တွေက ဓာတ်ခွဲခန်းအသုံးပြုမှု၊ သင်ကြားရေးထောက်ကူပြု ပစ္စည်းတွေ ဖြည့်တင်းမှုတွေအားလုံးကို နည်းပညာတက္ကသိုလ်အားလုံးမှာ ဖြည့်တင်းဖို့ဆိုတာ အချိန်ပေးရဦးမှာပါ။ ကျောင်းသားကျောင်းသူတွေအတွက်လိုအပ်တဲ့ သင်ရိုးညွှန်းတမ်းပါ လက်တွေ့အချက်အလက်တွေကို ထိထိရောက်ရောက် သင်ကြားနိုင်ဖို့အတွက် အခုလိုပေါင်းစည်းရပါတယ်"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။ ဝန်ကြီးဌာနမှ သက်ဆိုင်ရာ တက္ကသိုလ်များသို့လည်း ကျောင်းသား ကျောင်းသူများ ပြောင်းရွှေ့ကာ ပေါင်းစည်း တက်ရောက်ရာတွင် လိုအပ်သည့် ကိစ္စများဆောင်ရွက်နိုင်ရေးအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။ "ကျောင်းသားတွေအတွက်ကတော့ အနည်းငယ်အခက်အခဲရှိမှာပါ။ သူတို့တွေအနေနဲ့ တက္ကသိုလ်အပြောင်းအလဲအတွက် ပြင်ဆင်ကြရမယ်လေ။ ဒါပေမယ့် တစ်ဖက်ကကြည့်မယ်ဆိုရင် အလွန်ကိုကောင်းပါတယ်။ ပညာရပ်တစ်ခုကို အမှန်တကယ် ထိထိရောက်ရောက် သင်ကြားနိုင်ဖို့အတွက် အခုလို ကျောင်းပြောင်းတဲ့ပြဿနာလောက်ကို ခံနိုင်ရည်ရှိဖို့လိုအပ်ပါတယ်။ ကျွန်မတို့တုန်းကဆိုရင် အသစ်တိုးချဲ့ဘာသာရပ်ဖြစ်တဲ့ ဇီဝနည်းပညာ (Bio-Technology) ကို သင်ကြားဖို့အတွက် ရန်ကုန်ဂျီတီအိုင် ကျောင်းကြီးမှာ ပထမနှစ်၊ လက်ပံတန်းမြို့နယ် School of Bio-Technology ကျောင်းမှာ နှစ်နှစ်၊ ရန်ကုန်တက္ကသိုလ်များ လှိုင်နယ်မြေထဲမှာ ကျန်တဲ့နှစ်တွေကို ပြောင်းရွှေ့သင်ကြားရတယ်။ B-Tech ပြီးတော့လည်း ကျောက်ဆည်မြို့၊ နေပြည်တော်တို့၊ လှိုင်နယ်မြေတို့မှာ မေဂျာဘာသာရပ်အလိုက် Master အတွက် Thesis အတွက် ပြောင်းရွှေ့သင်ကြားရပြန်တယ်။ ဒါကြောင့်လည်း ဒီပညာရပ်နဲ့တိုင်းပြည်ကို အခုလိုပြန်ပြီး အကျိုးပြုစေနိုင်ခဲ့တယ်"ဟု စံပြဇီဝနည်းပညာသင်တန်း အခြေခံမှစကာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်တွင် ပညာသင်ကြားခဲ့သော လက်ရှိအဆင့်မြင့်ဇီဝနည်းပညာ ပညာရှင်တစ်ဦးက သူဖြတ်သန်းခဲ့ရသော သင်ကြားမှုခရီးစဉ်ကို ပြောပြသည်။ ပေါင်းစည်းသင်ကြားမည့် ဘာသာရပ်များမှာ ဇီဝနည်းပညာ (Bio- Technology)၊ အထည်အလိပ် (Textile)၊ ရေနံဓာတု (Petroleum)၊ စက်မှုနည်းပညာ (Mechatronics)၊ သတ္တုဗေဒ (Metallurgy)၊ ဓာတုဗေဒ (Chemical)၊ ဗိသုကာ (Architecture) ဘာသာရပ်များဖြစ်ကြောင်း သိရှိရသည်။ (၁၅၀)



ကွန်ပျူတာနှင့်ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့်ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၃၀) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပရာ အောင်ဘာလေသိန်းဆုဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင် တက်ရောက်၍သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါ်ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(ပြည်တွင်းအခွန်)

အားကစားပြိုင်ပွဲများ ကလေးမြို့နယ်၌ ကျင်းပ

ကလေး ဇန်နဝါရီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြို့ကြီးကုန်းကျေးရွာ အမက (မူလွန်)ကျောင်းတွင် နတ်ချောင်းနယ်မြေကျောင်းမိသားစုက အားကစားနှင့်ရသပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက်က ကျင်းပသည်။

အဆိုပါဖွင့်ပွဲတွင် နတ်ချောင်းနယ်မြေ(၁၇)ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကလေးမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းတို့ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲများတွင် အလယ်တန်းအဆင့် ဘောလုံး(ကျား) ၁၃ သင်း၊ မူလတန်းအဆင့် ဘောလုံး(ကျား) ၁၆ သင်း၊ (ကျား/မ)ပြေးခုန်ပစ်တို့ယှဉ်ပြိုင်ကြသည့်အပြင် ပုံပြော၊ လက်ရေးလှနှင့်ကဗျာရွတ်ပြိုင်ပွဲများလည်း ကျင်းပခဲ့ကြောင်း သိရှိရသည်။ **မောင်မောင်ခင် (ကလေး)**

လယ်ယာကုန်ထုတ်အသင်းများသို့ ထောက်ပံ့ငွေပေးအပ်ပွဲ မြောင်းမြမြို့နယ်၌ ကျင်းပ

မြောင်းမြ ဇန်နဝါရီ ၈

ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မြောင်းမြမြို့ ဆန်စက်ပိုင်ရှင်များ၏ မြောင်းမြနဂါး ကုမ္ပဏီမှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က မြောင်းမြမြို့နယ် ငါးရာဘိုကျေးရွာ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး မြောင်းမြနဂါးကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဝင်းမိသားစု ဆန်စက်ပိုင်ရှင် ဦးမောင်မောင်ဝင်းက ငါးရာဘိုကျေးရွာ ဒို့လယ်သမား လယ်ယာကုန်ထုတ်အသင်းသို့ နွေစပါးဧက ၅၀၀ အတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၅၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ကျုံပျော် ဇန်နဝါရီ ၈

ကျုံပျော်မြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၁၅ရက်က အဆိုပါဈေးအတွင်း ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းစိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန့်ဇင်သိန်း၊ ဈေးများလုံခြုံမှုစစ်ဆေးရေးအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စာရင်းဇယားကိုင်တွယ် ထိန်းသိမ်းရေးသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနမှ ဖွင့်လှစ်သော ငွေကြေးကိုင်တွယ်ထိန်းသိမ်းရေးနှင့် စာရင်းဇယားကိုင်တွယ်ထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကာလမှာ ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ဖြစ်ကြောင်း သိရှိရသည်။ (ဝ၂ဝ)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မြန်မာ့အလင်း မှုခင်းသတင်း ၈-၁-၂၀၁၂

တိုင်းရော့ကျွတ်ထွက်၍ ယာဉ်တိမ်းမှောက်

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီခွဲခန့်က ပုသိမ်မှရန်ကုန်သို့ ထွက်ခွာလာသော မအူပင်မြို့ ရေလဲလေးကျေးရွာနေ မြတ်မင်းစိုး အသက် ၃၃နှစ် (ဘ-ဦးမောင်မောင်ညွှန့်)မောင်းနှင်လာသော အ/----ကင်ဒါအဖြူရောင် ယာဉ်သည် ရန်ကုန်-ပုသိမ်လမ်း-မိုင်တိုင်အမှတ်-၄၄/၁ နှင့် ၄၄/၂ အကြား ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆည်ကျေးရွာအနီးအရောက်တွင် တိုင်းရော့ကျွတ်ထွက်သွားသဖြင့် ကားလမ်းဝဲဘက်ခြမ်းသို့ ထိုးကျပြီး တိမ်းမှောက်သွားသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနှင့်လိုက်ပါလာသူ ဦးသာအေး အသက် ၄၃ နှစ် (ဘ-ဦးတင်ဦး) ရွှေလောင်းကျေးရွာ ဝါးခယ်မမြို့နယ်နေသူနှင့် ဒဗစ်(ခ) အောင်ကျော်နိုင် အသက် ၃၀ (ဘ-ဦးလှအေး) ရွှေလောင်းကျေးရွာ ဝါးခယ်မနေသူတို့မှာ ပြင်းထန်စွာဒဏ်ရာများရရှိ သွားကြသည်။

ဒဏ်ရာရရှိသူများအား ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသပေးရန် ခေါ်ဆောင်ခဲ့သော်လည်း ဦးသာအေးနှင့်ဒဗစ်(ခ) အောင်ကျော်နိုင်တို့နှစ်ဦးမှာ သေဆုံးသွားသည်။ ယာဉ်မောင်းအား ညောင်တုန်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝ၇၇)

လမ်းဖြတ်ကူးသူ ဆိုင်ကယ်အတိုက်ခံရ

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းဘေးရှိ ရေဝေကျေးရွာတွင် ဒီဇင်ဘာ ၃၁ ရက်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားကြောင်း သတင်းအရ ရှမ်းမငယ်ရဲစခန်းက တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့သည်။ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်း မိုင်တိုင်အမှတ် (၂၀/၀) အနီးတွင် မိတ္ထီလာဘက်မှ ကျောက်ပန်းတောင်းဘက်သို့ မိတ္ထီလာမြို့ ပြည်သာယာတောင်ပိုင်း(၄)လမ်းနေ သော်ဇင်ကို (၂၄) နှစ် စီးလာသော ရင်ဇင်း-၁၁၀ အနက်ရောင်ဆိုင်ကယ်က ကားလမ်း၏ တောင်ဘက်မှ မြောက်ဘက်သို့ လမ်းဖြတ်ကူးသူ ရေဝေကျေးရွာနေ ကိုဖိုးထူး(ခ)မြင့်နိုင်အား ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ဆိုင်ကယ်အတိုက်ခံရသူ ကိုဖိုးထူး(ခ)မြင့်နိုင်မှာ ဒဏ်ရာများရရှိသွားခဲ့သည်။ ဆိုင်ကယ်တိုက်မှုကို ရှမ်းမငယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ (ဝ၁၂)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၈

ပညာအလင်းစာကြည့်တိုက် ပွင့်ဖြူမြို့နယ်၌ဖွင့်

*(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စု ဂွေ့ကျေးရွာ ပညာအလင်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်နှင့် ကျေးရွာစာကြည့်တိုက်ကော်မတီ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)***

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

__လက်ခံယူ__

ဆက်လက်၍ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က သုတရသ စာအုပ်မျိုးစုံ အုပ် ၁၅၀၊ ကျေးရွာပြည်သူများက စာအုပ်စာစောင်များ ဝယ်ယူရန် အလှူငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းနှင့် စာကြည့်တိုက်မှူး ဦးဇော်နိုင်ထွန်းတို့က လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူလှူဒါန်းငွေကျပ် သိန်း၂၀ တို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းနှင့် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စေတနာရှင် လူငယ်စာကြည့်တိုက်ဖွင့်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ တရော်ကုန်းရပ်ကွက် ပြည်လမ်းတွင် စေတနာရှင်လူငယ်စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက စာအုပ်၊ စာစောင်များကိုလည်းကောင်း၊ စာရေးဆရာ မောင်လွမ်းနွယ် (အောင်လံ)က အမှတ်တရစာအုပ်များကို လှူဒါန်းကြရာ စာကြည့်တိုက်မှူး ဦးဇော်မျိုးသန့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(၁၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (စင်းခန်း) အပြီးသတ် သံပေါင်ရွေ့မူလီကို တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(စင်းခန်း) အပြီးသတ် သံပေါင်ရွေ့မူလီတပ်ဆင်

တံတားပြီးစီးပါက အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည် ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြု

နေပြည်တော် ဇန်နဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၂)က ကချင်ပြည်နယ် ဗန်းမော်ခရိုင် စင်းခန်းကျေးရွာ ဒုတိယမြစ်ကျဉ်းအနီး ဧရာဝတီမြစ်ကို ဖြတ်ကျော်တည်ဆောက်နေသည့် ဧရာဝတီတံတား(စင်းခန်း) အပြီးသတ် သံပေါင်ရွေ့မူလီတပ်ဆင်သည့် အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆိုပါ တံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ခင်နန်ဆိုင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကမန်းဒူးနော်နှင့် ပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်တို့က ရေလယ်တိုင်အမှတ်(၃)ရှိ သံပေါင်အခန်း၌ အပြီးသတ်သံပေါင်ရွေ့မူလီများကို တပ်ဆင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သော အင်ဂျင်နီယာဝန်ထမ်းများ၊ ကျွမ်းကျင်လုပ်သားအဖွဲ့များနှင့် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးသည့် အဖွဲ့များအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဂုဏ်ပြုဆုများ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ကသာခရိုင်ဘက်ခြမ်း ကားလမ်းဆောင်ရွက်ပြီးစီးမှုနှင့် ဗန်းမော်ဘက်ခြမ်း ကားလမ်းဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဧရာဝတီတံတား(စင်းခန်း)သည် နှစ်လမ်းမောင်းကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိမည့် သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ ၎င်းတံတားပြီးစီးသွားပါက ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်းရှိ ဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ဒေသများအပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသများကို အချိန်တိုအတွင်း လျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ဒေသအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် များစွာအထောက်အကူပြုသွားမည့် တံတားကြီးတစ်စင်းဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **ဖောင်ပိတ်အားကစား** ဖောင်ပိတ်အားကစား

မောင်မောင်မြင့်ဆွေ-ရေးသားသည်

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ် မန်ယူနှင့် ချယ်လ်ဆီးတို့အောင်ပွဲခံခဲ့ကြ

လန်ဒန် ဇန်နဝါရီ ၈

အက်ဖ်အေဖလား တတိယအဆင့် ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၈ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်စီးတီးနှင့်မန်ယူတို့ပွဲတွင် မန်ယူက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချယ်လ်ဆီးတို့လည်း အောင်ပွဲခံနိုင်ခဲ့သည်။

ယခုပွဲ၌ နှစ်သင်းလုံး အမာခံဘောလုံးသမားများကို ထုတ်သုံးပြီး ကစားခဲ့ရာ ပွဲချိန် ၁၀ မိနစ်မှာပင် မန်ယူတိုက်စစ်မှူးရွန်နေက ခေါင်းတိုက်၍ အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် မန်ယူတို့ ဂိုးများသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၁၁ မိနစ် တွင် မန်စီးတီးနောက်ခံလူ ကွန်ပနီ ကစားပုံကြမ်းတမ်းသဖြင့် အနီကတ်ပြအထုတ်ခံခဲ့ရသည်။

အက်ဖ်အေဖလား တတိယအဆင့် ဘောလုံးပြိုင်ပွဲအဖြစ် မန်စီးတီးနှင့် မန်ယူတို့ပွဲတွင် မန်ယူမှ နာနီ ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံအင်တာနက်)

တိုက်ရိုက်ကန်သွင်း

၁၀ဦးတည်းဖြင့်ကစားရသော မန်စီးတီးတို့ စိတ်ဓာတ်ကျဆင်းခဲ့ရာမှ မန်ယူတို့က ကစားကွက်စီးပြီး တိုက်စစ်ဆင်ခဲ့သဖြင့် ပွဲချိန် မိနစ် ၃၀ ၌ မန်စီးတီးနောက်ခံလူများ ဘောလုံးဟန့်တားမှုမှ လျှံထွက်လာသော ဘောလုံးကို မန်ယူတိုက်စစ်မှူးဝဲလ်ဘက်က မြေမကျဘော တိုက်ရိုက်ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။

မန်ယူတို့ ဆက်တိုက်ဖိကစားပြီး တိုက်စစ်ဆင်ခဲ့ရာ မန်စီးတီးဂိုး ဧရိယာအတွင်း ဘောလုံးဆွဲယူလာသော ဝဲလ်ဘက်အား ကြမ်းတမ်းစွာဖျက်ထုတ်သဖြင့် ပယ်နယ်တီအပေးခံခဲ့ရသည်။ ယင်းပယ်နယ်တီကို ရွန်နေကန်သွင်းရာမှာ မန်စီးတီးဂိုးသမား ကာကွယ်ပုတ်ထုတ်နိုင်ခဲ့သော်လည်း ရွန်နေကထပ်မံ၍ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် တတိယဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်အပြီးတွင် မန်ယူတို့သုံးဂိုးပြတ်ဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင် မန်စီးတီးတို့ ချေပဂိုးများရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၄၈မိနစ်၌ မန်စီးတီးမှ နောက်ခံလူ ကိုလာရော့ဗ်က ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးတို့ ချေပဂိုးရရှိရေး ဆက်တိုက်ကြိုးစားခဲ့ရာ ပွဲချိန် ၆၅ မိနစ်၌ မီလ်နာဖြတ်ပေးလိုက်သော ဘောလုံးကို အဂူရိုကန်သွင်းယူခဲ့သဖြင့် နောက်ထပ် ချေပဂိုးတစ်ဂိုးရရှိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ပွဲတွင် ချယ်လ်ဆီးက လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ချယ်လ်ဆီးအတွက် လမ်းပတ်က တစ်ဂိုး၊ ရာမီးရက်စ်က နှစ်ဂိုး၊ မာတာက တစ်ဂိုး သွင်းယူခဲ့သည်။ ရှက်ဖ်ဖီးနှင့် ဝက်စ်ဟမ်းတို့ပွဲတွင် ရှက်ဖ်ဖီးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း **ယနေ့ ဖတ်စရာ၊ မှတ်စရာ**

မျက်မှန်ကွန်ပျူတာ (စာ-၄)

လက်တင်အမေရိကမှာ အအောင်မြင်ဆုံးအဆိုတော် ဂရမ်မီဆု ခုနှစ်ဆုရ ဂလိုရီယာအီစတီဖန်း။ (စာ-၅)

၁၇၉၃ ခုနှစ်ထုတ် ကြေးဒင်္ဂါး တစ်ပြား အမေရိကန် ဒေါ်လာ တစ်သန်းရရှိ။ (စာ-၄)



၂၀၁၃ ခုနှစ် အလယ်ပိုင်း၌ နေမုန်တိုင်းများ ဖြစ်ပေါ်နိုင်။ (စာ-၄)

သန္ဓေစပ်သားဖောက်ထားသောမျောက်နီလေးသုံးကောင် အမေရိကန် သိပ္ပံပညာရှင်များ ပထမဆုံး မွေးထုတ်ပေးနိုင်။ (စာ-၅)

အဆုတ်ကင်ဆာ ဖြစ်ပွားစေသော မျိုးဗီဇ စင်ကာပူသိပ္ပံပညာရှင်များ ဖော်ထုတ်တွေ့ရှိ။ (စာ-၅)

မြန်မာ့အလင်း **ပြည်တွင်းအားကစားကဏ္ဍ**

ဒဂုံရွှေအောင်လံရိုးရာလက်ဝှေ့ပြိုင်ပွဲ ဝင်းထွန်းနှင့် ဘောသန်းတို့ အနိုင်ရလိုက်ပွဲ

သတင်းမြင်ကွင်း-လှစိန်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး

ရန်ကုန် ဇန်နဝါရီ ၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး ဒဂုံဗျူရိုကုမ္ပဏီလီမိတက်မှ အဓိကပံ့ပိုးကူညီကာ မြန်မာမီဒီယာဂရု(ပ်)က စီစဉ်သော ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။ *စာမျက်နှာ ၈ ကော်လံ ၃*

လေးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း (မြန်မာ)နှင့် မာဆွတ်(အီရန်)တို့ ဘတစ်ပြန်ကျားတစ်ပြန် ထိုးသတ်ကြစဉ်။